၁၄၂၈

နယ်လှည့်ဓမ္မကထိက

**အရှင်ဝရဇုန္ဒီ**

• ၏

ကိုယ်ချင်းမစာ နာမ်ရာဇာခေါ်

# ဝိပဿနာလမ်း ကျင့်စဉ်ကျမ်း

---

**ဓမ္မဒါန ကောင်းမှုရှင်များ**

ရေကျော်ရွာ ဦးဒန်နက် - ဒေါ်ရွှေအိနှင့် သားသမီးများ
ဝဲချောင်းရွာ ဦးဖိုးကြံ-ဒေါ်သန်းရွှေနှင့်သားသမီးများ

ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၁၊ ၂၄--လမ်း၊ ရန်ကုန်မြို့။

၉၈၇၂

ပေါက်မြို့,လေသာကျောင်းဆရာတော်၏

အဋ္ဌေဝါသိက

မန္တလေးမြို့, အနောက်ပြင်

အလ္လကပ္ပတိုက်, သာသနာ့မလင်္ဂိသောဓနီ, သိမ်တိုက်ကျောင်း

ဂဏဝါစက

အရှင်သေက္ခာသာမိ,ညီတပည့်

နယ်လှည့်ဓမ္မကထိက

ဂန္ထကာရက,သုတဂဝေသီ,လောကသာရသိပ္ပံစုံ

(သီရိသဒ္ဓမ္မကောသရာ)  မည်သော

အရှင်ဝရဗုဒ္ဓိ၏ ဒုတိယပန်းတိုင်

ကိုယ်ချင်းမစာ, နာမ်ရာဇာ, ခေါ်

# ဝိပဿနာလမ်းကျင့်စဉ်ကျမ်း

---


ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၃၉၆-က

# အကြောင်းပြန်ဒါနီး

ခဝးနီးမြို့ရွာ ဒါယကာ ဒါယိကာမ ကြီးငယ်ရှယ်လတ် ပရိသတ်တို့၏ စေသွင်း ပို့လွှတ်အပ်သော မေတ္တာရေမွေး သီတာအေးကြောင့် သီရိသဒ္ဓမ္မကေသရာမည်သော ဦးပဥ္စင်း သည် (၁၃၂၄)ခု တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့မှ စ၍ (၁၃၂၅)ခု နှောင်းတန်ခူးလပြည့်ကျော် (၄) ရက်နေ့ အထိ ငါးလကြားမျှ ပေါက်မြို့နှင့် တောရွာများရှိ သူသေ မြှုပ်နှံ မြေသုသာန်များတွင် အဖော်မမှီး တကိုယ်တည်းဖြင့် ရှင်တော်မြတ်ဘုရား၏ ဟောကြားမိန့်အပ် တဆယ့်သုံးရပ် ဓုတင်မြတ် တရားတို့ကို ကိုယ်နှင့်အသက် ငဲ့ကွက်ညှာတာ မစာနာဘဲ ပြုကျင့်ကြိုးကုတ် အားထုတ်ပြီးလျှင် မန္တလေးမြို့ အနောက်ပြင် အလ္လကပ္ပတိုက်တွင် ခေတ္တအစ်ကို ညီ, တပည့် များထံ တည်းခိုပြီးလျှင် ဧင်းမှ, မိုးကုတ်, မိုးမိတ်,ကောလင်း, ဝင်းသို, ဗန်းမော်, မြစ်ကြီးနား, ကသာ, ရွှေဘို, စစ်ကိုင်း, အောင်လံ, ပြည်မြို့မှနှင့် ရန်ကုန်, ပုသိမ်သို့ ဘုရားဖူးရင်း လိပ်ဥတူးရင်းဆိုသလို ဒေသစာရီ လှည့်လည်လေရာ ပုသိမ်မြို့ ဝဲချောင်းသို့ ရောက်စဉ် သာသနာကို ကြည်ညိုလေးစား သဒ္ဓါ ပွားသော ဒါယကာ(ဦးဖိုးကြွ-ဒေါ်သန်းရွှေနှင့် ဦးဒန်နက် ဒေါ်ရွှေအိသားသမီးတစုတို့က နိဗ္ဗာန်ရောက်လမ်း မျှော်မှန်းခါ

## (ဃ) အကြောင်းပြန်ဒါန်း

ဉာဏ်မြင်၍ ကြံဆင်ကာ တောင်းပန်ကြသောကြောင့် ဤ (ကိုယ်ချင်းမစာ နာမ်ရာဇာ)မည်သော ဝိပဿနာလမ်း ကျင့် စဉ်ကျမ်းကို စေတနာကြည်ဖြူ တောင်းပန်သူနှင့် ဝေးနီးမြို့ရွာ ကလျာများအတွက် အဆောတလျင် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသတည်း။

သီရိသဒ္ဓမ္မကေသရာ
အရှင်ဝရဗုဒ္ဓိ

## စာဖတ်ပရိသတ်များသို့
## သီရိသဒ္ဓမ္မဇောတသရာ အရှင်ဝရဗုဒ္ဓိ၏
## ပန်ကြားလွှာ

စာအုပ်ကိုင်သူ၊ လူ့, ရှင်, ရဟန်းတို့၊ လိုက်နာကျင့်သုံး၊ ဥပဒေ။
မှင်,ခဲ,ရှောင်ကြဉ်၊ ချစ်မဆွဲနှင့်၊ ရွှဲ-ပဲ့,စုပ်,ပြတ်၊ ပြင်ဆင်လေ။
မစုပ်ပဲ့အောင်၊ သတိပြုလို့၊ ကြည့်ရှုပါတော့၊ လိုရာတွေ့။
အစ,အလယ်, မမှန်း၊စိတ်ရွှင်ပြုံး၊ အဆုံးရှုနိုင်စေ။
သီရိသဒ္ဓမ္မ၊ အရှင်ဝရက၊ တမင်္ဂလ၊ ဝန်ချတောင်းပန်ပေ။

# သရုပ်ဆောင်သူများ

ဤဇာတ်လမ်း၌ ပါဝင်သရုပ်ဆောင်ထားသူများမှာ–

ဒါရိုက်တာ–သုံလူ့ထွဋ်ထားမြတ်ဘုရား။

ဇာတ်လိုက်–ဥတ္တရခေါ် မောင်မောင်မြင့်၊ သမီးရွှေသွေး
မခင်လေးနှင့် မိဘနှစ်ပါး။

လူကြမ်း– ဝဿကာရဓမ္မသေနာပတိ အမတ်ချုပ်ကြီးနှင့်
အာဏာသားများ သူခိုး။

## ဓမ္မအဓိဋ္ဌာန်နှင့် လိုရင်းအချက်

မြတ်ဘုရားသည် မိမိ၏ သန့်ရှင်းစင်ကြယ်သော နာမ်စိတ် ခေါ် ဉာဏ်ဝိဇ္ဇာ။

ဥတ္တခေါ် မောင်မြင့်သည် ခန္ဓာငါးပါး။

မခင်လေးနှင့် မိဘနှစ်ပါးသည် တဏှာ ရာဂ မိုက်မောဟ။

ဝဿကာရပုဏ္ဏားသည် အဝိဇ္ဇာ။

အာဏာသားများသည် ဝဿကာရပုဏ္ဏား၏ အစွယ် အပွား အာရုံငါးပါး ကာမဂုဏ်တရား။

သူခိုးသည် မီးတဆဲ့တပါး။

## ရေးသားပုံ အစီအစဉ် ဥပမာ

ခန္ဓာငါးပါးကို ရာဇဝတ်ကောင်နှင့် အာဏာသား များပမာ။

စုံထောက်နှင့် ကံကြမ္မာ၊ရာဇဝတ်ပစ်မှု လွန်ကျူးသူနှင့် ဇာတိ။

ဝရမ်းပြေးနှင့် ရုပ်တရား၊ အဝိဇ္ဇာနှင့်ကေရာဇ်၊ အသေစစ်မဲ့ မာန်တဏှာ–ဟု ဥပမာဟတ် စကားစပ်ခါ ဟောပြတည်တွင် စီရင်၍ရေးသားပါလိမ့်မည်။

မြင်းမိုရ်တောင်မင်း၊ သူဖန်ဆင်း၊ ကိုယ်ချင်းမစာနာမ်ရာဇာ။

မြင်းမိုရ်တောင်လို၊မာနကို၊မောက်မိုပြုဒါ နာမ်ရာဇာ။

ခန္ဓာငါးသင်း၊ သူဖန်ဆင်း၊ ကိုယ်ချင်းမစာ နာမ်ရာဇာ။

ယောကျ်ား မိန်းမ၊ မှန်သမျှ၊ဒုက္ခပေးဒါ နာမ်ရာဇာ။

ရုပ်ကိုမသနား၊သူလိုက်စား၊မိုက်မှားပြုဒါ နာမ်ရာဇာ။

ငရဲဘုံရွာ၊ ပို့ဆောင်ခါ၊ မကွာပြုဒါ နာမ်ရာဇာ။

နာမ်ရာဇာသာ၊ ခိုင်းစေရာ၊ ရုပ်မှာလုပ်ရရှာ။

ဗဟိဒ္ဓမှာ၊ ဘေးတွေ့လာ၊ ရုပ်မှာခံရရှာ။

နာမ်စိတ်ကသာ၊ သူဆရာ၊ ထင်ရာပြုလုပ်ရှာ။

အရှင်ဝရဗုဒ္ဓိ၏

# ဝိပဿနာလမ်းကျင့်စဉ်ကျမ်း

---

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ဝပ်စင်း ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာ သမ္ဗုဒ္ဓဿ၊ သစ္စာလေးစု ငါးခုနက်စံ ညေယျမံကို။ဝါ၊ ညေယျ ငါးတန် တရားမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် တတ် အပ်ထင်ထင် သိမြင်တော်မူပြီးထသော။ တဿဘဂဝတော၊ ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူဘက်ရှား ထို မြတ်စွာဘုရားအား။နမော၊ သစ္စာသိမြင် သန့်ရှင်းစင်၍ ကြည် လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ မြတ်စွာ ဘုရား။ ဓမ္မံသံဃာနံ၊ တရားရေအေး အမြိုက်ဆေးနှင့် အရိ ယာရှစ်ဖော် သံဃာတော်တို့အား။ နမာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ဂုဏ်တော်စဉ်ပေါင်း ထပ်ကာလောင်းလျက်

နှစ်ထောင်းဝမ်းသာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။ အာစရိယမာတာပိတူနံ၊ မိဘနှစ်ပါး ဆရာများတို့အား။ နမာမိ၊ ဂုဏ်တော်ကျေးဇူး ထိပ်တင်ဖူး၍ ဦးတိုက်ပါ၏ အရှင်ဘုရား။

ယနေ့ညတော့ဖြင့် ပရိသတ်ကြီးများရေ—လာလာလယေ ပဉ္စခန္ဓာနံ သန္တိကံ–တဲ့။

လာလာလယေ၊ လာလာလေ လိုက်ခဲ့တော့။ ပဉ္စခန္ဓာနံ သန္တိကံ၊ ခန္ဓာငါးတန် တိုင်းတော်ထံသို့။ ဂစ္ဆေယျ၊ မဆုတ်မနေး သုတ်သုတ်ကလေး။ ဝါ၊ မြန်မြန်ကလေး ပြေးသွားကြကုန်ပါစို့။

ခန္ဓာငါးတန် တိုင်းနိုင်ငံသို့ သွားကြရအောင်၊ ကဲမသွားခင် ကလေး ဘုရားလက်နက် ဆေးတခွက်ညွှန်း တရားခွန်းကို အားသွန်းစိတ်ကြိုက် နှလုံးပိုက်ခါ သောက်လိုက်ကြဦးစို့။

ယေကေစိ ဩသဓာ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟုံ။
ဓမ္မောသဓသမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။

ဘောဂ္ဂေ၊ကိလေသာမာန်ဟုန်ကစီးသဖြင့် မိစ္ဆေစာ ဆန်ကုန်၍ ချီးသလိုထင့် မှောင်အဝိဇ္ဇာပိတ်ကာ၍ဆီးဒါကြောင့် ပလီပလာ တီတီတာတာကြွားကြတဲ့ များလှသောင်းပြောင်း အိုပရိသတ်အပေါင်းတို့။ လောကေ၊ အပူဇာတ်မကွာ ထပ်ခါပွားကြတဲ့ လူ့၊နတ်၊ဗြဟ္မာ သတ္တဝါအများတို့၏ ကျက်စားပျော်ရ သတ္တလောကာ သခါရနှင့် ဩကာထည့်လောင်း ကမ္ဘာလောကကြီး အပေါင်း၌။ ယေကေစိ၊ ပထဝီ တေဇော

အာ,ဝါယာဟု ကိုးခြောက်တဖြာ ဘေးရောဂါတို့ ကပ်ရောက်လာပြန် ကုသရန်ကို ခွေးတောက် ခွေးချီ နာနတ်ယိုနှင့် ထိုထိုပန်းသီး မရမ်းသီးတို့ကို ရှာမှီးစုပုံ ဓာတ်စာအချိုကုန်သော။ ဝိဝိဓာ၊ သလိပ်သည်းခြေ သွေးလေတဖုံ ဆေးမျိုးစုံဟုလုံးစုံမကြွင်း များပြားခြင်းရှိကြကုန်သော။ ဩသဓာ၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာကိုမှန်စွာပျောက်ကြောင်း ဆေးအပေါင်းတို့သည်။ ဗဟုံ၊ တကျောင်း တဂါထာ တရွာမှာ တပုဒ်ဆန်းသလို ဓာတ်ဗိန္ဓောကလဲ တဖုံဆင် မနော စိတ္တုပ္ပါဒ်ကလဲ တမျိုးတွင် အတွင်းလိုင်းနဲ့ ဝမ်းဂိုဏ်းကလဲ တီထွင်ဆောစွာမနှေး ရောဂါမရွေး ပျောက်ကင်း လှသဖြင့်နရာသုခိတာ ဟောထ,ဟာမို့ အင်မတန်အားကိုးလောက်တဲ့ကိုးနှင့်ကိုးဝယ် ကိုးလေးသွယ် ဂိုဏ်းအချုပ်မှာဖြင့် ထွက်ရာလမ်းမှန် လကျာ်ပထမံ ဆရာကြီးတို့သည်။ ဝိဇ္ဇန္တိ၊ ဇမ္ဗူတကွေ့မှာ သူတွေငါတွေပါ ကုဋ္ဌကင်းပျောက် မုက္ခပျောက်သဖြင့်အထွေထွေဂုဏ်ဟိတ် တံဆိပ်အဝဝ ရှိကြလေကုန်၏။ တေသမ္ပိ၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာကို မှန်စွာပျောက်ငြား ဆရာများ၏ များစွာသောင်းပြောင်း ထိုဆေးအပေါင်းတို့တွင်လည်း။ ဓမ္မောသဓောသမံ၊ ကိလေသာမှောင့် ရောဂါနှောင့်ကိုလွတ်မြောက်ကွာဝေး တကယ် အေးနိုင်တဲ့ ရဟန်းရှင်လူသူငါခေါ်ကြောင်း ဆေးဆရာအပေါင်းတို့၏ အကြောင်းတွေးချင့် ဆေးနှင့်တမူ လားလားမှမတူ မြတ်ဘုရား၏

ဘေသဇ္ဇမဉ္ဇူ ထက်မြက်လှပြွား ဆေးအများသည်။ နတ္ထိ၊ ကမ္ဘာနိုင်ငံအလုံး သိမ်းကျုံးရှိပြွား ဆရာဝန် အများတို့၏ ကိလေပျောက်ကြောင်း တလက်သော ဆေးစွမ်းကောင်း သည် မိုဃ်းအောက်မြေပြင် ဘယ်လိုပင်ရှာကြုံကြည့်သော် လဲ မရှိရိုးကေန် အမှန်တည်း။ ဘိက္ခဝေ၊ အမှောင့်ပွားလာ တထောင့်ငါးရာ ကိလေသာ မီးစနက်ကိုဖြင့် အပြီးဖျက်လို ကြောင်း စိတ်ကြံကောင်း၍ တရား ဓမ္မက္ခန် မိန့်မြွက်ဟန်ကို နာခံခညောင်း အိုပရိသတ်အပေါင်းတို့။ တုမှေ၊ သောက မအေး စိတ်ပူဆွေး၍ အသည်းအူတွေ အုံခါကြွလို့မို့ မီးအတူ ပေ ဘုံဌာနမှာဖြင့် အလကားနေတော့လဲဆို မယားသေတော့ လဲငို့, သားသေတော့လဲသည်လို့, အဆင်မပြေ လင်သေ တော့လဲငို့, အစတွေမတော့လဲဆို အဖသေတော့လဲငို့, အမ သေတော့လဲငို့, ကလေးကလေးနဲ့ အမေသေတော့လဲငို့,အသိ တွေ မမှန်တော့ အမိသေပြန်တော့လဲငို့, ဘယ်ီးဘရားလွဲပေါ့ ရီးစားကွဲတော့လဲငို့, ငိုယိုကာမဆုံးနိုင်ပြွား သင်လူအများ တို့သည်။ တော်ဓမ္မောသမံ၊ တရားပလ္လင် အထက်စီက ဘုရား သခင် ပေးခဲ့တဲ့ တရားရေအေး အမြိုက်ဆေးကို။ ဝါ၊ အခြေ မယွင်းရအောင် နေမင်းလမင်း ပမာနှင်း၍ ဘုရားဆရာက တဆယ့်ခြောက် အသင်္ချေ ကမ္ဘာတသိန်း တွက်ကိန်းမျှုးစွာ သံသရာက သတ္တဝါတွေ ကိလေသာ ငြိမ်းအောင်လို့ စုဖော် ချီမွှေး ဒုက္ခအေးတဲ့ တရားတော်များ ဆေးတပါးကို။ ပိဝေထ၊

သင်းသင်းမွှေးမွှေး တကယ်အေးတာမို့ ဘော်ဇဥ်မြိုက်ခဲ့တရား ပွဲကို လက်တွဲရှင်ပြုး တူနှလုံးဖြင့် သုံးဆောင်လိုပါ စိတ်စေ စွာ၍ မုခနှုတ်ဖျား ဂါထာပါးလျက် ဘိတ်ကြွားလိုက်တာမို့ ဖော်စုဝေးနှင့် ပျော်ရေးတင့်ဆိုး. ဆေးအားလုံးကို ကမ္ဘာ မြေတလွှား လောကီသားနှင့် ယောဂီများတို့ရေ မနောမယ အမှန် ဟောဒါမနာမ် သဘောသဘာဝအမှန် ဟောဒါမနာမ် သေအချာမယွှင်း ဒေသနာလင်းကွဲဒါမို့ သဘောသဘာဝ ဟောဒါမ (သီရိသဒ္ဓမ္မကေသရာ) အများပေးတဲ့ ဆေးနဲ့လဲ မတူ ဘုရားပေးတဲ့ ဆေးကိုဘဲယူ (ပရိသတ်တို့ရေ) သြော် နှလုံးမနောက် မုန်းမကြောက်ဘဲ သုံးသောက်မျိုချ နိုင်ကြ ပါစေကုန်လော့။

သာဓု, သာဓု, သာဓု၊

ကမ္ဘာလောကကြီးအတွင်းမှာ ဗိန္ဓောဓာတ်လမ်း အခန်း ခန်းကို တတ်ကျွမ်းလိမ်မာ ပညာရှင်ပြီး ဆရာဝန်ကြီးတွေ ရှိလို့မို့ ကိုးဆယ့်ခြောက်ဖြာ ရောဂါပျောက်ကင်း ခန့်တင်း လန်းစွာ ကျန်းမာကြဒါ ထိုဆရာဝန်တို့၏ဆေးကို စားသုံး ရလို့ မဟုတ်လား၊ထိုဆရာတို့၏ ဆေးကိုထောက်လို့မို့ ကိုးဆယ့် ခြောက်ဖြာ ဘေးရောဂါကို အမြစ်ပါမကျန် တွန်းလှန်နိုင်ကြ ရပါတယ်၊နာမ်ရုပ်နှစ်ပါးကိလေသာဘေးရောဂါများကိုတော့ ပျောက်ကင်းဘို့ရာ ထိုဆရာတို့က တတ်စွမ်းနိုင်ကြရဲ့လား ပရိသတ်ကြီးများရဲ့။ မတတ်စွမ်းနိုင်ကြပါဘုရား။

ကဲ-လိုက်ကြစမ်း၊ ဒါကြောင့်-

တလောကလုံး၊ သိမ်းကျုံးပွေလီ၊
ဆရာဝန်များ၊ ရှိကြွားပေသည်။
နာမ်ရုပ်ပျောက်ဆေး လိုက်ပြေးရှာသည်။
မတွေ့ရ၊ ဒုက္ခကြမ္မာမို့။

ဘာတွေ့ရသလဲ ပရိသတ်ကြီးတို့ရဲ့၊

မဟာဒုက္ခ ဝိပရိဏာမေ၁တဲ့ကွယ်၊ ကြီးကျယ်ခန့်ငြား ဖောက်ပြန် ထားတဲ့ ဆင်းရဲကြီးနှင့် တွေ့ကြ ရမယ်နော်၊ ဒါကြောင့် ဒီဆင်းရဲကြီးက လွတ်ကင်းအောင် အများပေးတဲ့ ဆေးနဲ့မတူ ဘုရားပေးတဲ့ဆေးကိုယူ သုံးလူထွဋ်ထား ရှင်တော်မြတ်ဘုရားက သံသရာဝဋ္ဋတွင်း၌ နစ်မွန်းနေငြား သတ္တဝါများကို သနားကြင်နာ ကရုဏာနှင့် ခေမာသောင်ကမ်းနိဗ္ဗာန်နန်းကို ငါနှင့်အတူ ရာဟုလာသား ပမာထားခါ ပို့ဆောင်ကယ်တင်မဟဲ့လို့ ကြုံးဝါးပြီး ဝေဿန္တရာမင်း ဖြစ်စဉ်က မယားနှင့် သားသမီးပါလှူ ဆင်ဖြူတော်ကိုလည်း ထို့အတူ လှူဒါန်းတော်မူခဲ့ဒါ သိကြရဲ့လား ပရိသတ်ကြီးများရဲ့။

ကဲလိုက်ကြစမ်း--

ရုပ်ဆိုတဲ့လူမမာ ဆရာခေါ်လိုက်ထာ ဆေးဆရာနာမ်စိတ်က အောက်လမ်းသမားပါ၊ ပေးလိုက်တဲ့ ဆေးတွေဟာ ရာဂနဲ့ မာန်တဏှာ အာရုံငါးပါးပါ ဓာတ်စာပေးပြန်တော့

ဆယ့်တဖြာ လောင်မီးစာ မဟန်ပါဒီဆရာ ပျောက်နိုင်မလား လူမမာ။

အဲအခုလိုအဝိဇ္ဇာနာမ်စိတ်နဲ့ • မှန်ရိပ်ခေါ်တဲ့ ကာမဂုဏ် တွင်းမှာ နစ်မွန်းနေတဲ့ သတ္တဝါအားလုံး သောက်သုံးစေခြင်း ငှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ အစွမ်း ထက်မြက် ဆေးတခွက်ကို ဖောက်သယ်ချလို့ ပေးနေပြီ လာကြ နော် လာကြ ကဲကဲ ယူကြယူကြ။

လူ,နတ်,အားလုံး၊ စားသုံးစေသည်၊
တခါသောက်သုံး၊ နှလုံးရှင်ကြည်။
ဦးဝရက၊ ဟောပြနေပြီ၊
ဓမ္မောစ၊ ဗုဒ္ဓလေဆေးရည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ လေဆေး ရည်တွေဟာ မွေးထုံနံ့ကြူး စန္ဒကူးသိန်းတန်၊ အဲဒီတသိန်း တန်တဲ့ စန္ဒကူးတွေနဲ့လဲ မနိုင်းသာ ဆရာဝန်တွေနဲ့လဲကွာချင် တိုင်းကွာ ဒါကြောင့်မို့ အကြွားဖုံးပြီး ထွားလုံးကြီးထွားနေ ကြတဲ့ မောင်မယ်တို့ ဒုက္ခသယ်တွေမှာ ဘေးရောဂါအနန္တနဲ့ ထွေးရှက်တွေကြုံ ကာမဂုဏ်သုံးဘုံတွင်းက လွတ်ကင်းရအောင် ရတနာမြတ်သုံး ပုလဲကုံးကိုလဲ စွဲသုံးပန်ဆင် ဆရာသမား မိဘများကိုလဲ ဦးတော်တင်ပြီး ရှိသေလေးစား မိမိတို့ ကျင့်ရမဲ့ တရားကို ပွားများအားထုတ်ကြရမယ် ပရိသတ် ကြီးတို့ရဲ့။

ဟိုယခင်ရှေးအခါက သုမေဓာမြတ်စွာဘုရား ထင်ရှားပွင့်တော်မူတဲ့အခိုက်မှာ ဥတ္တရသာမဏေရဲ့ အလောင်းဟာ ဝိဇ္ဇာဓိုရ်ယောကျ်ား ဖြစ်ခဲ့ဘူးတယ်၊ ထိုစဉ်အခါက သိဒ္ဓိအမျိုးမျိုး မြေလျှိုးမိုးပျံနိုင်တဲ့ ဝိဇ္ဇာဓိုရ်ယောကျ်ားလုလင် တယောက်ပေါ့နော်။

အဲဒီအချိန်မှာ သုံးလူထွဋ်ထား သုမေဓာ မြတ်စွာဘုရားက ယနေ့တော့ လူ့နတ်, ဗြဟ္မာ ဘယ်သတ္တဝါကို ကယ်တင် ချီးမြှင့်ရပါမယ်လို့ ဒိဗ္ဗစက္ခု ရွှေဉာဏ်တော် ကွန်ရက်ကို ဖြန့်တဲ့ပြီး ကြည့် လိုက်ရာ ဥတ္တရ ခေါ်တဲ့ ဝိဇ္ဇာဓိုရ်ယောကျ်ားကို မြင်ပါရောတဲ့၊ ထိုအခါ သုမေဓာ မြတ်စွာဘုရားက ဟိမဝန္တာ ဂနိုင်တောတွင်း သစ်ပင်ရင်းမှာ ရောင်ခြည်တော်ခြောက်ဆိုင် ဖွိုင်ဖွိုင်ကြီး ကွန့်မြူးပြီး ငြိမ်သက်သေခွေ ဣန္ဒြေနဲ့ စံနေတော်မူခိုက် ဝိဇ္ဇာဓိုရ်လဲ ဝိဇ္ဇာတို့ ကိုင်ဆောင်လေ့ရှိတဲ့ လှံတန်သုံးခွ ဆေးတောင်ဝှေးကို ကိုင်ဆောင်ပြီး ဝေဟာသံ ကောင်းကင်လမ်းက ပျံသန်းပြီးလာလိုက်ထာ ကြည့်ကြစမ်းပါလား ထေရအပဒါန် ပါဠိတော်ကြီးမှာ–

ဝိဇ္ဇာဓရော တဒါအာသိံ၊ အန္တလိက္ခေ စရော အဟံ။
တိသူလံ သုကတံ ဂယှ၊ ဂစ္ဆာမိ အမ္ဗရေ တဒါ။

တဒါ၊ ထိုသုမေဓာ ရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူငြား အခါတပါး၌။ အဟံ၊ ကောင်းကင်နဘံ အာကာသံမှာ ဖန်ဖန်ထပ်ထပ် ပျံနိုင်လတ်သော ဥတ္တရဝိဇ္ဇာဓိုရ်တွင် ငါလုလင်

သည်။ အန္တေလိက္ခေစရော၊ လောကီအစွမ်း တန်ခိုးလမ်းဖြင့် ထက်နန်းအာကာ ရေသီတာတွင် ခါခါလွန့်လူး ပျံသန်းကွန့်မြူးနိုင်သော။ ဝိဇ္ဇာဓရော၊ ပြဒါးနဝင်း အင်းမင်းစိုးပိုင် ဓာတ်ကိုနိုင်သော ဝိဇ္ဇာဓိုရ်ရတတ် ပုဂ္ဂိုလ်မြတ်သည်။ အာသိ၊ ဟိုယခင်အခါတုန်းက ရှင်ပြုံးကြည်သာ ဖြစ်ခဲ့လေပြီတကား။ တဒါ၊ ထိုကောင်းကင်ပျံသွား ဝိဇ္ဇာဓိုရ်ယောကျ်ား လုလင်တပါးရယ်လို့ အမြင်သား ထင်ရှားဖြစ်သောအခါ၌။ သုကတ၊ ကာယ ပီယ မနုပထဝိ လေးလီအစွမ်း သိဒ္ဓိထွန်းနိုင်သော။ တိသူလံ၊ လှံတန်သုံးခွ ဆုံးဆမဝေး ဆေးတောင်ဝှေးကို။ဂယှ–ဂဏှိတွာ၊ အစွဲသန်သန် မြဲမြံစွာ ကိုင်ဆောင်လျက်ဟာမို့။ အမ္ဗရေ၊ ထိန်ဝေစိန်ရွှေ တိမ်တွေလွှင့်စင် မိုဃ်းကောင်းကင်၌။ ဂစ္ဆာမိ၊ မြဲမြဲမြံမြံ ဝေဟာသံ ကောင်းကင်ထက်က ဂဠုန်ငှက်အလား ကြိုးကြာများပုံ စက်စုံဖြန့်ခါ ခဏချက်ချင်း သက်ဆင်း၍ သွားလာခဲ့ပါသတည်း။ ။သာဓု–သာဓု–သာဓု။

အဲသို့ကလိုဝိဇ္ဇာဓိုရ်ယောကျ်ားက ကောင်းကင်ယံ ဝေဟင်လမ်းက ပျံသန်းလို့လာတဲ့အခါ ဟိမဝန္တာ ဂနိုင်တောတွင်းသစ်ပင်ရင်းတခုမှာ သုမေဓာ မြတ်စွာဘုရားက ရောင်ခြည်တော် ခြောက်သွယ် တင့်တယ်စွာလွန့်လူး၍ ကွန့်မြူးနေခိုက်မှာ ကံအားလျော်စွာ ဝိဇ္ဇာဓိုရ်ခများ မြင်ပါရောတဲ့၊ ထိုအခါ ပြင်းပြတဲ့ စေတနာ ကြည်ညိုလှဒါနဲ့ မဟာလှေကား ပန်းသုံးပွင့်ကို ဆွတ်ခူးခါ လက်အုပ်ချီမိုး ရှိခိုးပြီး လှူဒါန်းလိုက်

တယ်၊ သို့လှူဒါန်းလိုက်တယ်ဆိုရင်ဘဲ ထိုပန်းတွေက သုမေဓာရှင်တော်မြတ်ဘုရား၏ ဦးခေါင်းတော်မှာ အလိုလို ပျံတက်ပြီး ပန်းဗိတာန်ကြီးကျက်ကာ တလျှပ်လျှပ်ရောင်ဆိုင်နဲ့ မွှေးကြိုင်ပြီး နေလိုက်တာ ကြည့်ကြစမ်းပါလား။

ထို့နောက် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောကြားတော်မူတဲ့ တရားတွေကို နာခံမှတ်သားပြီး ရှိသေစွာ ရှိခိုးလျက် ပျံတက်လို့ သွားရှာတယ်တဲ့၊ စုတိပြုတ်ကြွေသေလွန်တဲ့အခါ သုမေဓာမြတ်စွာဘုရား၌ စေတနာတွေ ပိုမိုတဲ့ ဇောတွေကြောင့် တာဝတိံသာ နတ်ပြည်မှာ နတ်သမီးတထောင် ခြံရံခါ တူရိယာစည်စောင်းတို့နှင့် ငြိမ့်ညောင်းစွာ ပျော်မြူးလျက် နတ်ချမ်းသာထူးကို ကြည်နူးစွာ ခံစားပြီးအထက်သံသရာမှာ ကျင်လည်ပြီး နေရဆိုပါလား။

ဝိဇ္ဇာဓိုရ်နတ်သား၏စိတ်ထဲမှာ ကြံစည်စဉ်းစားပွားများပုံသံဝေဂက သည်လိုတဲ့ ဒကာတို့ရဲ့-ကဲလိုက်ဆိုကြစမ်းပါ။

ခန္ဓာငါးခု ပေါင်းစုနေပြန်၊
ရုပ်,နာမ်နှစ်ပါး၊ ရှိငြားကေန်။
ကိလေသာဘဲ၊ မလွဲခေါ်ရန်၊
တေဘုမ္မ-ဒုက္ခမကင်းပြန်။

ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသုရကယ်,ဆိုတဲ့ အပါယ်လေးဘုံစတုမဟာရာဇ် တာဝတိံ်တာ ယာမာ, တုဿိတာ နိမ္မာနရတိ ပရနိမ္မိတ ဝသဝတ္တီ ဆိုတဲ့ နတ်ပြည်ခြောက်ထပ်၊ လူ့ဘုံတရပ်

ပေါင်းစပ်လိုက်တော့ ဘာဘဲလဲ၊ အဲဒါက ကာမတဆဲ့တဘုံလို့ ခေါ်တယ်၊ ကာမတဆဲ့တဘုံကို လောင်တဲ့မီးကို သိကြရဲ့လား ဒကာတို့ရဲ့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ မီးကတော့ (ဇာတိ ဇရာ, ဗျာဓိ, မရဏ) ပဋိသန္ဓေ တည်နေရခြင်း အိုရခြင်း နာရခြင်း သေရခြင်းတဖုံ, ဥပါဒါနာဆိုတဲ့ အာရုံငါးခု စွဲလမ်းမှုကို အဆုံးထားပြီး ဟောကြားတော်မူခဲ့ပါတယ်၊ ဒါကြောင့်–

အာရုံငါးတန် ကျရောက်ပြန် လောက ဖြစ်ပျက်ဟန်၊ ကြံကြံဖန်ဖန် ကျီးမိုက်သတ္တဝါကား ငါ့အစာရပြီဟဲ့လို့ မာနက ခပ်ထန်ထန်၊ ဆင်သေကောင် အစွယ်ဖျားမှာ တကယ်နား၍ သွားလေပြန်၊ မျောသော်လဲ သူမပြန်၊ လောဘမူလံ ပင်လယ် ခေါင် ရေယဉ်ဝဲမှာ သေပွဲနှင့် ကြုံတွေ့လေပြန်။

လို့ ဆိုတဲ့အတိုင်း ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံဖောဋ္ဌဗ္ဗာရုံ လို့ ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားများ ကျရောက် လာတဲ့အခါ မြစ်ရော နဒီကျောမှာ မျောလာတဲ့ ဆင်သေ ကောင်ကြီးကို တပ်နှစ်သက်တဲ့ လောဘအာရုံ ကာမဂုဏ် ကြောင့် ပင်လယ်ကျောမှာ မျောပြီးသေရဒါ ဘယ်သူလဲတဲ့။

(မှန်ပါကျီးမိုက်ပါဘုရား)

အေး, ဒါကြောင့် အဲဒီကျီးမိုက်ရဲ့ပုံပမာ ဒို့ဒကာတွေမှာလဲ ဘာတဲ့–

မယားမီးနဲ့၊ သားမီးတဖုံ၊
ယောက္ခမမီး၊ လင်မီးပူဟုန်။
သမီးမီးနဲ့၊ ရီးစားမီးဟုန်၊
မိတ်ဆွေမီး၊ ပူမီးဘယ်မကုန်။

အဲခုလို မီးလောင်ခံပြီး နေကြရဒါ ဘာကြောင့်လို့ သိကြရဲ့လား၊ လောဘအာရုံ ကာမဂုဏ်ဆိုတဲ့ လိုချင်စွဲလမ်းတဲ့တရားတွေကြောင့် ဟောဒီသံသရာအတွင်းမှာ နစ်မွန်းနေကြဒါပါဘဲနော်။

တနည်းရှိသေး အဇ္ဈတ္တမီး ချစ်တာက ကြီးသနဲ့၊ အဘေသေလို့လဲမငို၊ အမေသေလို့လဲမငို၊

ပီယ၊ အသက်အသွင် ချစ်ခင်ပါလှ အိုချစ်နှမ လင်တော်မောင်။ တော၊ သင်ချစ်နှမ, လင်တော်မောင်၏။ မုခံ၊ မလှသော်လဲ လှတယ်ထင် လပြည့်ဝန်းနဲ့ယှဉ် ကိုယ်ခင်ရင် ခုတင်ရွှေနန်းထင် ချစ်မောင်တော်၏အသွင် ရှင်ကြည်အေးတဲ့ မင့်မျက်နှာကလေးကိုပင်။ ပဿိတုံ၊ တအိမ့်အိမ့် တဖိမ့်ဖိမ့် တစိမ့်စိမ့်တွေး တရေးရေး ကြည့်ရှုခြင်းငှာ။ ဣစ္ဆာမိ၊ အသဲကျွမ်းခါ ပူလောင်ခါဖြင့် ခတ်မဟာဘုတ်နှင့် နိုင်းလောက်အောင် နေ့မစဲ ညမစဲ လူလဲမမြင်အောင် တိတ်တခိုးနဲ့ စိတ်မရိုးနိုင်ရှာ အလိုရှိခဲ့ပါ၏။ မဟာဒုက္ခော၊ ရွှေမိုးညိုညို့ ခိုတခို့မှာ အိုအို့ချစ်သူ ပြစ်မမူဘဲ စစ်ကူလို့စွဲရတဲ့မီးသည် (သြ) ကြီးမားလှပါပေတော့သတည်း။ ။သာဓု–သာဓု–သာဓု။

ဗြဟ္မာပါရိသဇ္ဇာဘုံအစ အကနိဋ္ဌဘုံ အဆုံးရှိတဲ့ တဆယ့်ခြောက်ဘုံကတော့ ရုပ်တရား ကျင်လည်ရာ ဖြစ်သောကြောင့် ရူပါဝစရ တဆယ့်ခြောက်ဘုံလို့ခေါ်ပါတယ်။

အာကာသာနဉ္စာယတနဘုံအစ နေဝသညာ နာသညာယတနဘုံ အဆုံးရှိတဲ့ဤလေးဘုံ၌ ကျင်လည်ကျက်စား ပျော်ပါးကြတဲ့ ဗြဟ္မာတို့မှာတော့ ရုပ်မရှိဘဲ နာမ်တရားချည်းသက်သက်သာ ရှိပါသောကြောင့် အရူပဘုံ အရူပါဝစရ လေးဘုံလို့ ခေါ်တယ်နော်။

ရူပဘုံ အရူပဘုံတို့၌ ကမ္မဇိဒ္ဓိ တန်ခိုးကြီးကြီးနဲ့ ကျင်လည်ကျက်စား သွားလာ ပျော်ပါးကြတဲ့ ဗြဟ္မာကြီးတွေဟာ မနုဿလူဘုံက လူ့ဒါန်းအားထုတ် ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံကြောင့်ဘဲ ဖြစ်ကြရတယ်နော်။

အဲဒီဗြဟ္မာတွေမှာ ကုသိုလ်ဟုန် ကုန်တဲ့ အခါကျတော့ မိမိတို့ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံအတိုင်းဘဲမကောင်းမှုပြုခဲ့ရင်လဲ အပါယ်လေးဘုံ၊ ဒါကြောင့် ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်း တရှုပ်ရှုပ်လို့ ရှေးသူဟောင်းတို့ ပြောခဲ့တာပေါ့နော်၊ ဒါကြောင့် ဒို့ဒကာ-ဒကာတွေမှာလဲ ဗြဟ္မာဘုံသို့ ရောက်သွားကြရင်တော့ အကုသိုလ်ကံမနှောဘဲ အပါယ်ကျော ကင်းဝေးကာ ပြည်အမတာ အဝင်စောရအောင် ကုသိုလ့်ကံအလုပ်တွေကိုသာ အားထုတ်နိုင်ကြပါစေလို့ ဆု

တောင်း လိုက်ရမှာပေါ့နော်၊ ကဲ....ဘုံသုံးပါးကို သစ္စာဖွဲ့ကြဦးစို့ရဲ့....

ဒုက္ခံ တေဘူမကံဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

ကာမတဆယ့်တဘုံ ရူပါဝစရတဆယ့်ခြောက်ဘုံ အရူပါဝစရလေးဘုံတို့၌ ကျင်လည်ကျက်စား ဖြစ်ပွားတတ်တဲ့တရားကို သစ္စာဖွဲ့လိုက်တော့ ဒုက္ခံတေဘူမကံဝဋ္ဋံ လို့ ဆိုတဲ့ အတိုင်း လောဘကြဉ်ထား တေဘူမကတရားက ဒုက္ခသစ္စာ၊ ဒီဒုက္ခသစ္စာကို လိုချင်နှစ်သက်တာက ဘယ်သူလဲ တဏှာသမုဒယော ဘဝေ၊ တဏှာလောဘ စေတသိက်ခေါ်တဲ့ သမုဒယသစ္စာ၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းသည် နိရောဓောနာမနိဗ္ဗာနံ နိရောဓသစ္စာလို့ ခေါ်တဲ့ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး မြတ်တရားဖြင့် နိဗ္ဗာန်မှာ အေးမြချမ်းသာပါပေတယ်လို့ ပွားများဆင်ခြင်လိုက်တာကတော့ မဂ္ဂေါလောကုတ္တရောမတော လို့ ဆိုတဲ့အတိုင်း မဂ္ဂသစ္စာလို့ သိလိုက်ကြတော့ ဒကာတို့ရေ–၊ (မှန်ပါဘုရား)။

ဝဋ္ဋဆိုတဲ့ဝဋ္ဋဟာ ဝဋ္ဋတိ ပရိဝတ္တတီတိ ဝဋ္ဋံ တဲ့၊ သုံးဆယ့်တဘုံမှာ ကျင်လည်ကျက်စား သွားလာ တတ်သောကြောင့် ဝဋ္ဋလို့ခေါ်တယ်၊ ဝဋ္ဋဆိုတာ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ ရယ်လို့ သုံးပါးရှိတယ်၊ ကိလေသာ ကမ္မဝဋ္ဋနှစ်ပါးကိုတော့ လွယ်လွယ်ကလေးမို့ ရှင်းမပြတော့ဘူး၊ ဝိပါကဝဋ္ဋကတော့

ရှေ့မှာတွေ့လိမ့်မည်၊ ဒီဝဋ်ထဲကို တဝဲလည်လည် လယ်နေရဒါ ဘယ်သူရှိလို့လဲ ဘယ်သူ့ကြောင့်လဲ၊ ရုပ်နာမ်နှစ်ပါး သခေ်ပ ထားလို့ ခန္ဓာငါးပါး အတန်တန်ပွားအောင် လုပ်တတ်သော ကိလေသာရှိလို့မို့ ကျုပ်တို့တတွေ ဝဋ်ကျောမှာ မျောနေရဒါ ပေါ့၊ ဒီကလွတ်အောင်လို့ တရားဟောရ တရားနာကြရတယ် မဟုတ်လား (ဒကာတို့ရဲ) မှန်ပါဘုရား။

အေး....ဒါကြောင့်။

ခန္ဓာငါးဖြာ ရှိခဲ့ရာ ကိလေသာလောင်မီးစာ။

မှောင်ကြီးကတော့ အဝိဇ္ဇာပါ။

ခန္ဓာသာမရှိရင်ဗျာ ကိလေသာငြိမ်း အေးကိန်းနိဗ္ဗူတာ။

အဲဒီစာလေးကို ရအောင်လိုက်ကြနော်။

ခန္ဓာငါးပါးရှိလို့ဒုက္ခဖြစ်ရတဲ့ဇာတ်သွားကိုမှတ်သားကြရ အောင် ဥတ္တရနတ်သား ဝတ္ထုသွားကို ဆက်ကြဦးစို့ရဲ့နော်၊ ဥတ္တရနတ်သားမှာ နတ်သက်ကုန်လို့ လူဘုံသို့ လာတဲ့အခါ မနုဿလူ့ရပ်မှာ ဂေါတမမြတ်စွာဘုရားပွင့်တော်မူခိုက်ဖြစ်ပေ တယ်၊ ဝိဇ္ဇာမိုရ်ဖြစ်စဉ်က သုမေဓာမြတ်စွာဘုရားအား မဟာ လေကား ပန်းသုံးပွင့် လှူဒါန်းပူဇော်ခဲ့တဲ့ ကာမာဝစရကုသိုလ် ကြောင့် သာဝတ္ထိပြည်ကြီးမှာလာပြီး မဟာသာလပုဏ္ဏားကြီး နှင့် သာရီပုဏ္ဏေးမ သူဌေး လင်မယားတို့၏ ရင်သွေးတော် အစစ် သားတော်ချစ် မောင်မြင့်ရယ်လို့ ဖြစ်ပေါ်လာတယ်၊ ဒါကြောင့်–

နတ်သက်ကုန်ခန်း၊ ဘုံနန်းကခွာ၊
သာဝတ္ထိဟု၊ ပြည်ကြီးဂုဏ်ရာ။
မဟာသာလ၊ မြင့်စွမျိုးမှာ။
သူဌေးသား၊ ဖြစ်ငြားဥတ္တရာ။

လို့ ဆိုတဲ့အတိုင်း မိဘနှစ်ပါးက ချစ်ခင် သစ်လွင်တဲ့ဇော တွေကြောင့် ဥတ္တရသတို့သားလို့ ခေါ်ဝေါ် ကြသပေါ့နော်၊ မြန်မာလိုပြောတော့မောင်မောင်မြင့်တဲ့ကွဲ့၊ စာလိုနွေ့ မာဂဓ လိုပြောတော့ ဥတ္တရတဲ့ကွဲ့၊ လူလှလူချော ပန်းချီသဘောနဲ့ ဆေးနွှေ့မခြယ်နိုင်ဘူးတဲ့၊ရုပ်ချောရုံသာမကဘဲ အရာရာသော အတတ်ပညာတို့မှာလဲ မြင်ကာကြားကာနှင့် တတ်မြောက် ကျွမ်းကျင်ရုံသာမက ဗေဒင်သုံးပုံ နှုတ်ငုံဆောင်ခါ ပိဋကတ် စာပေတို့မှာလဲ အာဇာနည် ကဝေကလေးပါဘဲ။ အလိမ်မာ ဉာဏ်ရှိလို့မို့ ပဏ္ဍိအကျော် အချိန်တော်လို့ အရွယ်ရောက်တဲ့ အခါ ယောကျ်ားအဘိုးတန်ကလေးမို့ အချက်ကောင်း အ ဟုတ်မြင်သဖြင့် သမက်လောင်းလုပ်ချင်တဲ့ သူ့မီးရှင်တွေဟာသူ့ ထက်ငါ အပါဆွဲဘို့ ရည်စောင်ပြီး လက်ဆောင် ပဏ္ဏာတွေနှင့် သမီးချောကညာကလေးတွေပါ နှိုးနွှေ့ပြောဆိုလာကြသပေါ့ (ဒကာတို့ရဲ့) မှန်ပါဘုရား။

သည်တော့ ဥတ္တရသတို့သားရဲ့စိတ်ထဲမှာသြော်....လောက ကြီးတခုလုံးမှာ ရှိကြတဲ့ သတ္တဝါတွေဟာ ကာမဂုဏ်ညွှတ် ကွင်းက မလွတ်ကင်းသမျှ အို–နာ–သေရေး ဒုက္ခဘေးနဲ့

မဝေးမကွာ ကျင်လည်၍ နေကြရမှာဘဲလို့ ဆင်ခြင်လိုက်သတဲ့ (ဒကာတို့ရဲ့) မှန်ပါပညာရှိတဲ့ ကလေးကို ဘုရား။

လောကကြီးမှာ ပညာတတ် ရုပ်ချော ဥစ္စာကပေါ အပြောကလယ် ချစ်စဘွယ်ကောင်းတဲ့မိန်းမပျို လုလင်ပျိုကလေးများ ဖြစ်ခဲ့ပါလျှင် လက်ပံပင်မှာ ဇယက်နားသလို သက်ကျားအို လူပျိုကြီးများနှင့် အပျိုကြီးတွေတောင် တမျိုးတခန်းဖြင့် ပိုးပန်းကြသေးသကိုးဗျ၊ ဒါကြောင့် ကျုပ်ဝစီရွှေနှုတ်က....

ဝတေန ဝယသာ လောကေ၊ ယုဝံ ဓနေန ဇာတိယာ။

လောကေ၊ အဖိုနှင့်အမ သဘာဝဟာမို့ အလိုမျှော်အရေးကိုဖြင့် တိရစ္ဆာန် ကလေးတွေတောင် မရှောင်ကွင်းနိုင်ဘူး ဇွတ်အတင်းမှိုင်တွေ၍ နစ်မွန်းနေကြောင်း လောကအပေါင်း ဌ။ ယုဝံ၊ အသားတော်ကဥ္စန ကြည်လင်စွာလှပတဲ့ အရေးတွေကြောင့် မြင်မိသူဘဝင်မှာမအေးနိုင်တဲ့ လုလင်ရွှေသွေး မောင်ခင်လေးကို။ ဇာတိယာ၊ မိမျိုးဘမျိုးကလဲမြတ် အမျိုးအနွယ်မြတ်ကြောင်း ဂုဏ်အပေါင်းကြောင့်ရှင်း။ ဓနေန၊ စည်းစိမ်ရွှေငွေ အထွေထွေနှင့်ရတနာခေါ်ကြောင်း ဘဏ္ဍာအပေါင်းကြောင့်ရှင်း။ ဝတေန၊ ယောကျ်ားပီပီ ဖောက်ပြားတဲ့ စိတ်မာန်ကိုမရည် သောက်စားတဲ့မိတ္တာညာဏ်မမှီ ပါဝါဂုဏ်ကြွားဖဲ့ကစားဘို့လဲမကြံစည် အမှန်အတည်အကျင့်ကောင်းတဲ့ ဂုဏ်အပေါင်းကြောင့်ရှင်း။ ဝယသာ၊ ချစ်ခင်စလောက် မျှစ်စို့ပေါက်နှင့် နှိုင်းလောက်ပမာနမူ အထူးသိမှု ဘူးသီးနုနှင့်တူ နှင်းသီး

ပုံယူ ဂုဏ်တူမများ လုလင်ယောကျ်ားတို့ စတိုင် နဂိုရေ လှလှနှင့် ရောင်ကြီးဝေ ဆံပင်သဘောတဲ့စတိုင် ဤသို့ပွင့်ဖူး အရွယ် ဂုဏ်ထူးကြောင့်ငင်း။

ကညာနေကာဟိ ဝါရေန္တိ၊ ကော် ပုပ္ဖံ ဆပ္ပဒါ–တဲ့။

အနေကာ၊ သဲလုံးပမာ ပွဲရှုံးကာ တကယ် များလှကုန်သော။ ကညာ၊ နုနုဝဝ ယဉ်ယဉ်လှလှ ရွှင်ရွှင်ပြုပြု သေးနွဲ့ ပျော့ပျောင်း အပျိုကညာ အပေါင်းတို့သည်။ ဝါရေန္တိ၊ အလှအယက် သဘောတွေနှင့် သူ့ထက်ငါ အပါဆွဲမဟဲ့လို့ အားခဲကာ မာန်ပါတင်းပြီးတော့ (ဒကာတို့ရေ) ဝိုင်းဝန်းကာ စိုင်းပြင်း၍ နေကြလေကုန်တော့သတည်း။ ။သာဓု၊ သာဓု၊ သာဓု၊

ကိမိဝ၊ဥပမာတာဝ သက်သေပြရမှာဖြင့်။သာယံလောကဿ ဓမ္မတာ့တဲ့။ ဂုဏ်လှိုင်းခါ ပါဝါမထွားခဲ့ပါဘူး လောက ဓမ္မတာအတိုင်း နှိုင်းယှဉ်စရာ မှာမူကား–

ကော်ပုပ္ဖံ၊ မွေးကြိုင်သင်းပျံ့ ဆင်းယနှံ့နှင့် ဝင်းဖန့်ကြိုင်လှိုင် မဥ္ဇူခိုင်တပွင့်ပန်းကို။ ဆပ္ပဒါ၊ များလှသိမ်းကျုံး စုကာရုံး လျက် အနှစ်အဆီကို ရစ်သီစားသုံး ပျားပဒုန်းအများတို့ သည်။ ဝါရေန္တိဏ္ဍဝ၊ ရှစ်ခေါ်ဘဏီ စစ်တပ်ချီကာ သီဘော ရာဇာ့ကို အရဖမ်းမဟဲ့လို့ စုရုံးလာငြား စစ်သည်တော်အများ တို့လို ပန်းမဥ္ဇူ အဆီကိုစုတ်ရအောင် တအုံးအုံးစစ်ချီကာ ညွှာသံပေး၍ တဒိဒိဝိုင်းကြလေကုန်သကဲ့သို့ (ဒကာတို့ရေ)

ခြောဲ့ ဓမ္မတာအတိုင်းဘဲ့ ဝိုင်းကြလေကုန်တော့သတည်း။ ။
သာဓု သာဓု သာဓု

တောင်ငါးလုံး ပိတ်ဖုံးကာရံခိုတဲ့ ရာဇဂြိုဟ်ပြည်ကြီးမှာ ဝဿကာရ အမတ်ချုပ်ဖြစ်တဲ့ ပုဏ္ဏားကြီးမှာလဲ အရွယ်နုနု စပါယ်ဥဆိုတဲ့ တဆဲ့ခြောက်နှစ်ရှိ သမီးကလေးအတွက် အမတ်ချုပ်ကြီးက ခရီးဝေးထွက်ပြီး သမက်လောင်း ရှာတဲ့အခါ သာဝတ္ထိနေပြည်တော်မှာ တန်ခိုးဂုဏ်သိမ် မနေအရှိန် တောက်ပတဲ့ မဟာသာလ ပုဏ္ဏားကြီး၏သား ဥတ္တရခေါ် မောင်မောင်မြင့်ရဲ့ အကြောင်းကို ကြားရတော့ ပုဏ္ဏားကြီးက ပဏ္ဏာစုံလက်ဆောင်ပေးပြီး ချက်ချင်းပင် စေလွှတ်လိုက်တယ် ဆိုပါတော့။ အဲသို့ကလို လက်ဆောင်ပဏ္ဏာတွေကို ယူဆောင်ကာ သွားကြလို့ မျှားမကြာမီ သာဝတ္ထိနေပြည်တော် မဟာသာလ ပုဏ္ဏားကြီးအိမ်သို့ ရောက်ပြီဆိုကြပါစို့ရဲ့။ ရောက်လျှင်ရောက်ချင်း လိုရင်းရအောင် ရာဇဂြိုဟ်ပြည် ဝဿကာရ အမတ်ချုပ်ပုဏ္ဏားကြီးက သမီးကလေးကို မဟာသာလ ပုဏ္ဏားကြီး၏သား ဥတ္တရ ခေါ် မောင်မောင်မြင့်နှင့် ကမ်းလှမ်းစေ့စပ်တဲ့အခါ မိဘနှစ်ပါးတို့ကလဲ သားမောင်ကို ခေါ်ဆောင်ခါ ဝမ်းသာအားရနှင့် ပြောဆိုနားချ ဖျောင်းဖျကြပုံက သားမောင်ရေ သားမောင်ရဲ့ မေမေတို့ သားမောင်အတွက် စိတ်မာန်တက်ပြီး စကားတလုံး ပြောပါရစေလို့ ပြောတဲ့အခါ သားမောင်ကကျေးဇူးရှင်မိခင်တို့ ပြောလိုသမျှ

စကား မချန်မထားဘဲ ပြောကြပါလို့ ပြောလိုက်သတဲ့၊ မိဘနှစ်ပါးက တခြားဟုတ်ပါရိုးလား ၊ တောင်ငါးလုံး ပိတ်ဖုံးကာ ခိုတဲ့ ပြည်ရာဇဂြိုဟ်က အမတ်ချုပ် ပုဏ္ဏားကြီး၏သမီးနှင့် သားမောင် အာဝါဟဝိဝါဟ မင်္ဂလာတပါးမှု မိဘတို့ဝတ္တရား လစ်လပ်၍မသွားရအောင် ချစ်သားမောင်အတွက် လာဘ်ကောင်း ဆိုက်တာမို့ မနော်ရှင်ပျ သဘော ကျဘို့အရေး သားတော်မောင် ဒုက္ခအေးလို့ နွေးနွေးကလေး နေရဘို့ အရေးပါဘဲလို့ မိဘများက ပြောဆို နားချတဲ့အခါ သားမောင်က မြင်းမိုရ်တောင်ဦး မကြူးတဲ့ ကျေးဇူးတော်ရင် မိဘနှစ်ပါးတို့ ဝစီကံ ဖီဆန်ခါ ငြင်းပယ်တယ်လို့လဲ ပြောတော်မမူကြပါနှင့်၊ သားမောင်၏ဆန္ဒကို ဖွင့်ဟလို့ ပြောပါရစေ၊ ယခုကြောင်းလှမ်းစေ့စပ် ပြောဆိုလာတဲ့ ကညာလာဘော ဣတ္ထိချောသည် အလိမ္မာရုပ်ချော ဥစ္စာပေါခါ ကောင်းမြတ်တဲ့ သမီးရတနာစစ် ကညာဖြစ်လို့မို့ ငြင်းပယ်ဘို့ အရေးမသင့်လှပါဘူး၊ ဒါပေမယ်လို့ သားမောင်၏စိတ်ထဲမှာ လူတို့ဓလေ့ ကာမဂုဏ်အာရုံနှင့် မွေ့ပျော်လိုတဲ့စိတ်ဟာ အမှန်မရှိတာမို့ သားမောင့်အပေါ်ကို မေတ္တာစောပြီး ချစ်သဒ္ဒါနှောခါ မနောဖူလို့ သဘောတူကြရင် လူတို့ဘောင် (ဝတ်ကြောင်ကို လွတ်အောင်းလျှိုလို့ နောင်ကောင်းကျိုးကြုံ)တဲ့(အဲဒါက စိန်အောင်မင်းတို့ တိုင်းချစ်သန်းစိန်တို့ ဦးအောင်မောင်းတို့ ဆိုဒါနော်) ဝတ်ကြောင်ပုဆိုး ကောင်းကျိုးမပေးတာမို့

အဝါရေဆင်မြန်းခါ သာမဏေရဟန်း ပြုပါရစေလို့ ခွင့်တောင်းလိုက်တဲ့ အသံလေးကိုကြားရတော့ သနားစရာကြီးပါလား၊ (ဒကာတို့ရဲ့) မှန်ပါ' သနားပါဘုရား။

အဲသို့ကလို တောင်းပန်စကား ပြောကြားတဲ့ ဥတ္တရသတို့သားမှာ နိက္ခမဇ္ဈာသယ အတွင်းဓာတ်ခံ ရင့်သန်တဲ့ပါရမီကြောင့် ကာမဂုဏ်အာရုံထုံးကို ရွံမုန်းတဲ့အာသာရှိတဲ့သူများမှာ ဘယ်လိုပင် အမျိုးမှန်လို့ အဘိုးတန်တဲ့ ကညာလာဘ် ဖြစ်ပေမဲ့ စွန့်ပစ်မြဲဟာ ဓမ္မတာပေါ့၊ ကာမဂုဏ်အာရုံထုံးကို မရွံမုန်းတဲ့ ကိုရွှေလူပျိုချောတို့များဆိုရင် သည်လိုလာဘ်မျိုးနဲ့ တကယ်တိုးရရင် နှစ်ခြိုက်လို့ စိတ်ပျော် အိပ်သော်မှမနိုးဘဲ ဘဝင်ဆူ သွေးကြွပြီး ရူးမလောက် ဝမ်းမြောက်ခါ ဆင်အိုကြီး မုန်ကျသလို ဘလုံဆွဘလုံဆွနှင့် စိတ်တွေဟာ အုံကြွနေမှာဘဲ (ဒကာတို့ရဲ့)

ဒါပေမင့် ပြောလို့သာပြောရပါတယ်၊ ပဲခူးမြို့က လင်မယား သိန်းထိပေါက်သလို ဝမ်းသာလုံးဆို့ပြီး မရဏာပွဲနွဲကြမလားမသိဘူး။ ။မှန်ပါ လောဘအာရုံ ကာမဂုဏ်ကိုးဘုရား။

မဆိုတဲ့ ကညာလာဘ်ဟာဖြင့် တကယ်တင်းတဲ့ လည်ပင်းကြိုးကြီးနှင့် ပမာထင်လို့ မကြာခင် သာမဏေ ပြုပါရစေလို့ခွင့်တောင်းလိုက်တော့ မိဘနှစ်ပါးတို့ကလဲ သားအကြိုက်ကိုလိုက်ပြီး ရာဇဂြိုဟ်ပြန် အောင်တမန်တို့ကို စကားသွားလှလှ

နှင့် အချိန်အရွယ် မရောက်သေးကြောင်းကို ပြန်ပြောင်းလို့ ပြောလိုက်ကြသပေါ့။

အဲသို့ကလို ပြောလိုက်တဲ့အခါ အောင်တမန်များလဲ မျက်နှာမလှ မရွှင်ပျဘဲ ပြန်သွားကြရာ မကြာမီ ရာဇဂြိုဟ် ပြည်သို့ ပြန်ရောက်တဲ့အခါ သမီးနှင့် ကြောင်းလှမ်းစကား အဆင်မပြေဒါကို ကြားရတော့ ပုဏ္ဏားကြီးမှာ များစွာမှ စိတ်မကောင်းဘဲ (ဟင်း-တောက်) သမီးဘက်က အရှက်ခံ ထိုက်တန်တဲ့ လက်ဆောင်ပေးပြီး အချက်ကောင်း သမက် လောင်း ဖမ်းသော်လဲမရ၊ (တောက်) ငါပိုင်ဆိုင်တဲ့ တိုင်း-နိုင်ငံအတွင်းမှာသာ ဒီကိစ္စမျိုး ဖြစ်ခဲ့လျှင် ငါ၏ဉာဏ်စွယ်နှင့် ကြံရွယ်ခါ ဖျက်ချိုးလိုက်လို့ အန္တရာယ်အမျိုးမျိုး ဖြစ်ကုန် ကြမှာဘဲ၊ အေးလေ နေနှင့်ကြအုံးဟ (ပြန်လေတဲ့ ငှက်ခါး နားမ,သိမယ် ဟင်း ငါ့လက်နက်နှင့် တချက်ချက်တော့ တွေ့လိမ့်အုံးမပေါ့) စသည်ဖြင့် ရန်ငြိုးထားလိုက်သတဲ့။ (ဒကာတို့ရဲ့) မှန်ပါ။

ဝေသာလီပြည်ကြီး ပျက်စီးတာ ဘယ်သူ့ကြောင့်လဲ၊ ဝဿကာရမှန်ပါ၊ ရှေးက အမတ်များကတော့ အစွယ်ထက်လှသော လူသွားကြီးနှင့် သစ်ခွဲသလို တိုင်းပြည်နှင့်လူမျိုး ဖျက် ချိုးတာကိုးဘုရား၊

ယခုတော့ကော ပိုပြီးဆိုးပါဘုရား။

ကဲ–အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဓမ္မကွန်ကို နာခံကြအံ့ပရိသတ်ကြီးတို့ရေ....

ကိန္နုပဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ နဂဝေသထ။

ဘောဂ္ဂေါ၊တွေးလေတွေးလေ ဆွေးမပြေအောင် ရန်တွေ ရစ်သိုင်း နေ့စဉ်ဝိုင်း၍ ဆုတ်ဆိုင်းမရှိ နှိပ်စက်ဘိကို မသိချင်ယောင် မမြင်ယောင်နှင့် ဖွဲ့နှောင်ပါကြ ကာမဂုဏ်မျိုး တဏှာဖြိုး၍ ဇွတ်တိုးနေကြောင်း အိုးလူအပေါင်းတို့။ တုမှာကံ၊ အဆိုးအတိတ် ဆိုးနိမိတ်နှင့် ဆိုးစိတ်ဖုံဖုံ ကြုံခဲ့တုံလည်း အလုံးစုံဘေးရန် စိတ်မကြံဘဲ အမှန်လိုက်စား ကိစ္စများကြောင့် တရားမသန်း နိဗ္ဗာန်နန်းနှင့် ကွာလှမ်းခဲ့ငြား သင်လူအများတို့အား။ နိစ္စံ၊ နေ့ည၌မပြတ် အထပ်ထပ်ပင်လျှင်။ ပဇ္ဇလိတေ သတိ၊ အိုရခြင်းနှင့် နာခြင်းတဖုံ သေရခြင်းဆိုတဲ့ မီးတွေကစုံ အစစအရာရာဆိုသလို ထိုထိုဤဤ အလည်လည်သော မီးတို့သည် ညီးညီးတောက်ပြောင် တလောင်ထဲလောင်လျက် မရှောင်နေ့စဉ် မျက်မြင်အတွေ့သား အထင်အရှားဟာပဲ့။ ကိန္နုပဟာသော၊ ဘာတွေကိုပင် မောင်တို့မယ်တို့မြင်၍ ပျော်ရွှင်ခါ ဘာသဘောတွေနှင့် ရယ်မော၍ နေနိုင်ကြပါသနည်း။ ကိံ အာနန္ဒော၊ ဘယ်သင်းကမြှောက် ဘာတွေကို ထောက်လို့မို့ သား၊ သားချင်းပြိုင် မယား၊ မယားချင်းပြိုင် သမီးနဲ့ မြေးနဲ့ပြိုင် ချွေးနဲ့ကလေးနဲ့ပြိုင် ဆတောက်နဲ့အမောက်

နဲ့ပြိုင် အပြိုင်အပြိုင်လမ်းကို စတိုင်စတိုင်ဖမ်းလို့မို့ (ဒကာတို့ရေ)ဝမ်းမြောက်ခါ အထူးပြိုင်ပြီးလျှင် ကြော်, မြူးနိုင်ရှင်နိုင်ကြပါကုန်သနည်း။ သာဓု,သာဓု, သာဓု။

အန္တကာရေနှ၊ နာဘေးနှင့်သေဘေး စိတ်မအေးအောင် ထိတ်စရာ အဝိဇ္ဇာ ပိတ်ကာတဲ့ဘေးတွေနှင့် ရောထွေးကုန်ပြီး ကမ္ဘာ့အမှောင်ကမ္ဘာ့အမိုက်တောကြီးသည်။ သြနဒ္ဓါ၊ ဓလေ့အတိုင်းဟာမို့ နေ့တိုင်းနေ့တိုင်း မဆုတ်ဆိုင်းဘဲ အဟုတ်ဝိုင်းခါ မပြေးမထွက်နိုင်အောင် မြေးယှက် ပိတ်ဖုံး၍နေပါကုန်လျက်။ ပဒီပ၊ သံဝေဂကလေးဖြင့် ငြီးငွေ့ပူလောင် ဓမ္မဆိုတဲ့အလင်းရောင်တွေကို။ နဂဝေသထ၊ မရှာမှီးဘဲ ငေးကြီးငေး၍ အေးအေးသာသာ ဘာပြုလို့နေနိုင်ကြပါကုန်သနည်း။ နဂဝေသထ၊ ကမ္ဘာ့အမှောင်ကိုခွင်းနိုင်တဲ့ ဓမ္မအရောင်အလင်းတွေကို ပြည်နိဗ္ဗာန် အခေါင်ချဉ်းခါ တကဲ့အမတာနှင့် နီးရအောင် (ဒကာတို့ရေ) ကြော်အဘယ့်ကြောင့် မရှာမှီးဘဲနေနိုင်ကြပါကုန်သနည်း။ သာဓု,သာဓု,သာဓု။

မောင်မြင့်ဆိုတဲ့ ဥတ္တရသတို့သားမှာ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ တရားသံကို နာခံလိုက်ရတော့ များစွာပင်သံဝေဂဖြစ်ပြီး သာသနာကိုကြည်ညိုလှတာနှင့် မိဘများထံခွင့်တောင်းခါ အရှင်သာရိပုတ္တရာ၊ ကိုယ်တော်မြတ်ကြီး၏နောက်ကိုလိုက်ပြီး အဝါရေဆင်မြန်းခါ သာမဏေပြုလိုက်တယ်တဲ့၊ ဘွဲ့သညာမှာတော့ ရွေးကာအမည်ဟောင်းကို ထပ်

လောင်းပြီး ရှင်ဥတ္တရရယ်လို့မှည့်လိုက်သတဲ့၊ အရှင်သာရိပုတ္တ ရာ ကိုယ်တော်မြတ်ကြီးကလဲ အရာရာမှာ လိမ္မာတဲ့သဘော ရင်းကြောင့် သာမဏေကလေးကို လက်သပ်မွေးပြီး တရား ဓမ္မကွန်ဟောပြခါ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်အဝဝ ကိစ္စ ဟူသမျှကို စိတ်ချစွာစေခိုင်းနေတယ်တဲ့။

တနေ့သောအခါ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တ ရာကိုယ်တော်မြတ်ကြီးမှာ သည်းထန်သော ဝေဒနာစွဲကပ် သည့်အတွက် ဆေးကောင်းဝါးကောင်းကို ရှာဘွေစုဆောင်း ပြီး ဆက်ကပ်မယ်ဆိုတဲ့ စိတ်ထားနှင့် နံနက်မိုးသံမလင်းခင် ပဟိုရ်စည် နှစ်ချက်ညောင်းသဖြင့် တောရကျောင်းမှ ဆွမ်းခံ ရွာသို့ ဥတ္တရ သာမဏေကလေး ထွက်လာခဲ့ရာ လမ်းခရီး အကြား၌ မျက်နှာမသစ်ရသေးတဲ့တွက်တာကြောင့် အခန့်သင့် ရေကန်တကန်တွေ့တာနှင့် ပါလာတဲ့သပိတ်ကို ကန်ပေါင်မှာ ထားခဲ့ပြီး ရေကန်အတွင်းသို့ သက်ဆင်းကာ မျက်နှာသစ် နေခိုက်မှာ ရာဇဂြိုဟ်မြို့တွင်းက ရတနာစုံထုပ်ခါခိုးပြီး ပိုးလာ တဲ့ သူခိုးကို မြို့သူမြို့သားတွေက ဝိုင်းကြပေါ့ ဝိုင်းကြပေါ့၊ သူခိုးသူခိုး၊ အဲသို့ကလို အော်ဟစ်ပြီး သူခိုးဖမ်းကြတော့ သူခိုးခမျာမှာ ကြောက်ဒူးတွေ တုန်ပြီးကြောက် ဘာတဲ့လဲ ဒကာတို့ရဲ့ မကြာခင် သူခိုးလဲ ကန်ပေါင်ရိုးရောက်တဲ့အခါ နဂိုကြံစည်ရင်းကတော့ ရွှေထုပ်ကြီးကို ကန်တွင်းကိုပစ်ခဲ့ပြီး ပြေးမယ်လို့ ကြည့်လိုက်တဲ့အခါ သပိတ်ကိုမြင်တာကိုး(ဒကာ

တို့ရဲ့) အဲဒီတော့ (ကန့်ပေါင်ချုပ်ချင်းသပိတ်တွင်း၌ ပစ်သွင်း ဥစ္စာ ရတနာ)ဆိုတဲ့အတိုင်း သပိတ်အတွင်းကို ရွှေထုပ်ကြီး ထားပစ်ခဲ့တော့တာပေါ့ (ဒကာတို့ရဲ့)။

အဲဥတ္တရသာမဏေကလေးလဲ မျက်နှာသစ်ပြီးလို့ သပိတ်ကို ယူတဲ့အခါ သူခိုးဖမ်းတဲ့ သူတွေကလဲအရောက် သပိတ်တွင်း မှာ ရွှေထုပ်ကြီးကလဲ မပျောက် အင်းသာမဏေကလေး တော့ ဒုက္ခတွေ့ရတော့မယ် (မှန်ပါဒုက္ခပါဘုရား)။

ဟော့သူခိုးမိပြီ၊ ဝိုင်းဟော့ ဝိုင်းဟော့၊ အောင်မယ် သူခိုးက သက်န်းကြီးဝတ်လိုက်လို့ ရိုးရိုးမခိုးဘူးဟင်, ဆိုပြီး သာမဏေ ကလေးကိုနှောင်ကြိုးတဲလို့ဝိုင်းဆွဲပြီး ရိုက်ပုတ်ညှဥ်းဆဲကြတော့ တာပေါ့၊ သူခိုးစစ်မဟုတ်တဲ့ သာမဏေကလေးမှာ မျက်စိ ကလေး ကလယ်ကလယ်နှင့် အားကိုးဘွယ်ရာကင်းပြီးညှဥ်းဆဲ ခြင်းကို အလူးအလဲ ခံနေရတော့ သနားလိုက်ပါဘိကွယ် (ဒကာတို့ရဲ့)မှန်ပါ သနားစရာကိုးဘုရား။

သာမဏေကလေးက အို-များလှသောင်းပြောင်း ဒါယ ကာအပေါင်းတို့ ကျွန်ုပ်သည် သူတော်ကောင်း သာမဏေ အမှန်ဖြစ်တာမို့ ဆယ်ပါးသိက္ခာ လုံခြုံစွာနှင့် မတိမ်းမစောင်း ရအောင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်၊ကျွန်ုပ်၏ဥပဇ္ဈာယ် သခင် ကျေးဇူးရှင်ကြီးမှာတော့ အရှင်သာရိပုတ္တရာ ကိုယ် တော်မြတ်ကြီးဖြစ်ပါတယ်၊ကျေးဇူးရှင်ကြီးမှာ၊ရောဂါဝေဒနာ စွဲကပ်သဖြင့် ဓာတ်စာဆေးဝါး ဆက်ကပ်ဘို့၊ နံနက်စော

ကြီးနှင့်ချက်တီးတွင် တောကျောင်းဝိဟာ မြိုင်ဝနာက တကိုယ် တည်းထွက်လာခဲ့ရာ မျက်နှာမသစ်ရသေးတဲ့အတွက် ရေကန် နှင့်တွေ့တဲ့အခါ သပိတ်ကိုကန်ပေါင်မှာထားပြီး မျက်နှာသစ် သွားနေခိုက် ဘယ်သူလာပြီး သည်ဘဏ္ဍာထုပ်ကြီးကို သပိတ် အတွင်းမှာ ထားပစ်ခဲ့တယ်လို့ မသိပါဘူး၊ ဒါကြောင့်မို့ ကျွန်ုပ်ကိုလွှတ်ကြပါ၊ ထိုကဲ့သို့ ပြောလို့မှ မယုံပါလျှင် ကျွန်ုပ် ဆရာ အရှင်သာရိပုတ္တရာထံသွားပြီး မေးမြန်းစုံစမ်း နှုတ်ကူး သန်းလို့ လျှောက်ထားကြပါ၊ ကျွန်ုပ်ဟာသူတော်ကောင်း သာမဏေအမှန်ဖြစ်တာမို့ ရိုက်ပုတ်ခါညှဉ်းဆဲကြခြင်းဟာ ဒါ ယကာ တို့မှာလဲ ငရဲမကင်းဘဲ ရှိကြပါလိမ့်မယ်၊ ကျေးဇူး တော်ရင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးမှာလဲ အတိ ဒုက္ခ ဝေဒနာစွဲကပ်ရာ အမြဲမပြတ် ဝတ်ကြီးဝတ်ငယ် အသွယ် သွယ်ကို ပြုမဲ့သူမရှိတဲ့အတွက် သနားညှာတာ စာနာထောက် ထားပြီး အေးအေးဆေးဆေး လွှတ်သင့်ပါတယ် ဒါယကာ ကြီးတို့လို့ ဥတ္တရသာမဏေကလေးက ကြိမ်ဘန်များစွာ တောင်းပန်ပါသော်လဲ၊ သူခိုးဖမ်းတဲ့သူများက နည်းကာသံ၊ အခွင့်မပေးပေ၊ အင်း သာမဏေကလေးတော့ ဒုက္ခဘဲ၊ ဒုက္ခဘဲ။

အဲ ဤကဲ့သို့ တောင်းပန်ပါသော်လဲ ရရှိလားဒကာတို့ရဲ၊ မှန်ပါ မရပါဘူးရား။

သူခိုးဖမ်းတဲ့သူတွေက ရက်ရက်စက်စက်မညှာမတာ စာနာ မှုကင်းပြီး ကြိမ်းမောင်းပြောဆိုကြသည်မှာ ဆင်ကောင်ကြီး

ကိုတွေ့မှ ဆင်ခြေရှာ ရှာဘို့လိုသေးသလား၊ ဥစ္စာနှင့်လူပါ တခါတည်းတွေ့မှဘဲ သူခိုးမဟုတ်ကြောင်းကို ထပ်လောင်းလို့ ညာနေသေး၊ဟင့်ဆဒ္ဒန်ဆင်ကို အစွယ်ချိုးတဲ့ မုဆိုးလို ရဟန်း အသွင် သင်္ကန်းဆင်ပြီး ခိုးတဲ့သူခိုးက ပလီပလာ ပြောသေး တယ်စသည်ဖြင့် ကြိမ်းမောင်းပြီး အမှုမျိုးစုံ အကုန်စီရင်တဲ့ အမတ်ချုပ်ကြီး ဝဿကာရပုဏ္ဏားကြီးထံ နှောင်ကြိုးတဲ ဆွဲ ခေါ်ပြီးသွားကြတော့တာပေါ့၊ (ဒကာတို့ရဲ့)။

မှန်ပါ၊ အကြောင်း မသင့်လို့ အခွင့်မသာ အခါမကောင်း တဲ့ အချိန်မှာခံရမြဲကိုးဘုရား။

အဲ မျှားမကြာမီ ဥတ္တရသာမဏေကလေးမှာ ဘီလူးလက် တွင်းသို့ သူငယ်ကို အပ်နှင်းသလို မညာတာ မသနား အစိမ်း ကိုက်စားမဲ့ ဝဿကာရပုဏ္ဏားကြီးရဲ့ လက်တွင်းမှာ ရန်ငြိုးရှိ ရင်း အကြောင်းရင်းကြောင့် ရက်စက်စွာ အညှဉ်းဆဲ အနှိပ် စက်ခံရတော့မယ်၊ ပုဏ္ဏားကြီးကလဲ ဥတ္တရသာမဏေကလေး ၏ အကြောင်းစုံကို စုံစမ်းထောက်လှမ်းလို့ မေးမြန်းတဲ့အခါ သာဝတ္ထိပြည်က မဟာသာလသူဌေး ပုဏ္ဏားကြီး၏ သားဖြစ် ကြောင်းကိုသိလျှင် မိမိ၏သမီးကလေးကို မနှောဖူးဖူး သဘော တူစွာပေးလို့မှ အရေးမယူ အလေးမမူတဲ့ ဥတ္တရဖြစ်ကြောင်း ကို ကောင်းကောင်းကြီးသိရတော့ အမျက်ဒေါသ ငန်းငန်း ထပြီး လောကမှာ ဝဿကာရတဲ့ကွ(ဟင်း)ငါ့စိတ်နှင့်တကယ် ညှိုလျှင် စပါးကြီးမြွေ၏ ချက်ညှိုက နှေးသေး၊ငါ့လက်တွင်းသို့

သက်ဆင်းလာတဲ့ ဥတ္တရကို နှောင်အိမ်သွင်း အကျဉ်းမထား ဘဲ ကားစင်မှာ ခါးတင်ကာ ချလိုက်မဟော့။

အာဏာသားများ သူတော်ကောင်းအသွင် သက်နှံးဆင် ၍ မြင်သမျှခိုးတဲ့ သီလကြောင် လူဆိုးကို မြို့ပြင် တောင်အရပ် သုသာန်စပ် လူသတ်တဲ့ကားစင်မှာ အများအမြင် အရှင်လတ် လတ် သံတံကျင်တပ်၍ အသေသတ်ကြစေ တချက်လွှတ် အမိန့်တော်။

အဲသို့ကလို အမိန့်ချမှတ်လိုက်ခြင်းဟာ သူ့သမီးကိုမယူတဲ့ အတွက် အမျက်ဒေါသ ခြောင်းခြောင်းထပြီး စစ်ဆေးခြင်း မပြုတော့ဘဲ ရက်စက်စွာ စီရင်ချက်ချတော့တာပေါ့၊ (ဒကာ တို့ရဲ့)။

မှန်ပါ၊ အာဏာသံပြင်းသနင့် ကျားခြသေ့ပမာ အာဏာ သားတို့က မျက်မာန်ကြမ်းကြုတ် သုသာန်သို့ ထုတ်ရအောင် နှောင်ကြိုးတဲ့ပြီး အတင်းဆွဲကြပါရော့ဘုရား။

သည်တော့ ဥတ္တရသာမဏေကလေးက ငြိမ်သက်သေခွေ ဣန္ဒြေနှင့် ပြောဆိုသည်မှာ အို-ဒါယကာတို့- သေရမှာ အမှန် ဖြစ်တာမို့ မသေခင် ရွှေရင်အေးရအောင် နောက်တဖန်ထပ်မံ လို့ မညှဉ်းဆဲ ကြပါနှင့်တော့ အမတ်ချုပ် ဒါယကာကြီးတို့ အဆောတလျင် ပြုပြင်တဲ့အမှုဟာ လွန်မင်းစွာ မှားတတ်ထာ မို့ လူ့အသက်တချောင်း ရခဲတာကို ပေါင်းပြီး ကျုန်ုပ်၏ အသက်ဟာ သာမန်အသက်မဟုတ်ဘဲ သာသနာ့ အသက်မို့

ရက်စက်စွာ ညှဉ်းဆဲကြလျှင် ဒါယကာတို့မှာလဲ ဥပဒ်မကင်း သည်ဘဏ္ဍာထုပ်ကိုလဲ ကျွန်ုပ်မခိုးတာအမှန်ဖြစ်တာမို့ ကျွန်ရစ် တဲ့ကျေးဇူးတော်သခင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြီးမှာ ရောဂါစွဲကပ်ပါသဖြင့် ပြည်နိဗ္ဗာန် အမတာသို့ မြန်း မည်ကြောင့် ဆေးဝါးခါတ်စာ အလို့ငှာ နံနက်စောကြီး နှစ်ချက်တီးက ထွက်လာခဲ့ရာ ကန်ပေါင်မှာ သပိတ်ကိုထားလို့ မျက်နှာသစ်နေခိုက်မှာ သည်ဘဏ္ဍာ ရွှေထုပ်ကြီးကို သပိတ် အတွင်း ဘယ်သူသွင်းပစ်ခဲ့တယ်လို့ မသိရိုး အမှန်ဖြစ်ပါတယ်၊ ကျွန်ုပ်ကို ကားစင်မှာတင် သံတံကျင်လျှို၍ သတ်သော်လဲ သေရမြဲဟာ ဓမ္မတာမို့ စိုးရိမ်ပူဆွေးခြင်းမရှိပါဘူး ဒါယကာ ကြီးတို့၊ ကျွန်ုပ်၏ဥပဇ္ဈာယ်သခင် ကျေးဇူးရှင် အရှင်သာရိ ပုတ္တရာကိုယ်တော်မြတ်ကြီးမှာ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် ကို ပြုစုမည့်သူမရှိတာမို့ ရောဂါဝေဒနာ ထပ်ခါတိုးရင်ဖြင့် ကိုယ်ကျိုးနဲ့ရမည့် အရေးကို စိုးရိမ် ကြံတွေးပြီး ပူဆွေးမိပါ တယ်။

ဒါကြောင့်မို့ အဆောတလျင် မဆင်မခြင် ပြုပြင်စီရင်ဘို့ မသင့်ပါဘူး၊ အနှုန်းအညွတ် ခွင့်လွှတ်ဘို့အရေးဖြင့် တွေးပြီး သိသင့်ပါတယ်လို့ ဥတ္တရသာမဏေကလေးက သို့ကလိုတောင်း ပန်တော့–

အမတ်ချုပ်ကြီးက ဒီ ကိုရင်က တယ်ပြီး တရားဟော ကောင်းပါလား၊ ဒီမယ်, ကိုရင် သည်တရားမျိုးတွေကိုမမှာရုံ

ဇရပ်အတွင်းမှာ ဇာတ်ခင်းခါ ဟောရတာမျိုးမှ ဒီရာဇဝတ်ရုံး အတွင်းမှာ ဟောရတာမျိုးမဟုတ်ဘူး၊ သေရမှာကြောက်ရင် ဘာပြုလို့ သက်နိုးဝတ်ကြီးနှင့် ခိုးဟာတုံးဟင် မခိုးဘဲ ရိုးရိုး ကျင့်ပါလား၊ ယခုတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး တောင် ရွှေနေအရာမှာ ထားသေး၊ဟင်း ရာဇဒဏ် လျှော့လိမ့် မယ်မျှား မထင်စားနှင့် မလျှော့ဘူးမှတ်၊ သံတံကျင်လျှို၍ ကားစင်မှာ ခေါးတင်၍ သတ်စေ။

အဲသို့ကလို အမိန့်ပေးလိုက်တယ်ဆိုရင် အာဏာသားပါး ကွက်တို့က စာနာအသနား မဖက်တော့ ရိုက်ပုတ်ပြီး သုသာန် ထုတ်ခါ သံတံကျင်လျှိုလို့ ထားကြတော့တာပေါ့(ဒကာတို့ရဲ့) သနားစရာကြီးပါဘုရား။

သုသာန်ရောက်တော့ ရာဇဝတ်ကျင့်ထုံး နှလုံးမူပြီး အာ ဏာသားတို့က ကားစင်မှာတင်ပြီး မလှုပ်မရှားနိုင်အောင်ခြေ ဘဝါးနှစ်ဘက် လက်ဘဝါး နှစ်ဘက်ကို သံချောင်းနှက်ပြီး ရင်ဝကကျောသို့ သံတချောင်း၊ လကျ်ာနံဘေးမှ လက်ဝဲ နံဘေးသို့တချောင်း၊ ကြက်ခြေခတ်က နှစ်ချောင်း၊ သံရှစ် ချောင်းပေါင်းတော့ ကံကောင်းမှ အသက်ရှင်မယ် (ဒကာ တို့ရဲ့)။

အင်း-သူ့ဆရာကြီးနှင့်တော့ (ဗောဓိညောင် တောင်ကို ယိမ်းတယ်ကွယ် ကွဲရမဲ့ကျိန်း) ဘိုးစိန်ကြီးနော်၊ မှန်ပါ၊ (မရ ဏာ ရှင်သေမင်းကိုတဲ့ စစ်ခင်းခါပြိုင်) ဒါက ပဲခူးမြဘုရား၊

အင်း–ပဲခူးမြတွေ၊ ဘိုးစိန်ကြီးတွေ လုပ်ပြီး နေကြလျှင်တော့ ဆိုးတော့မှာ မဟုတ်တော့ဘူး (ဒကာတို့ရဲ့)။

မှန်ပါ၊ သေကာံမရောက် - သက်မပျောက် ပါရမီဉာဏ်ရင့် သန့်ခဲ့တာမို့ ရာဇဝတ်ဘေးမှ လွတ်အေးကောင်းပါဘုရား။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သွန်သင်ဆုံးမ တရားပြလို့ သံဝေရတဲ့ သာမဏေကလေးက ဩဝါဒ်–ကားစင်မှာ တံသံကျင်အလျှိုခံရတဲ့ ဒုက္ခဟာ အနမတဂ္ဂသံသရာစက်မှာ ခန္ဓာငါးပါး ကိလေသာတရားတို့ကို ကိုယ့်ခန္ဓာ ထင်မှတ်ပြီး စွဲလမ်းချက်ကြောင့် အရိုးကိုတောင်လိုပုံပြီးသွေးချောင်းစီးခါ ငရဲရွာမှာ ဆင်းရဲစွာခံရတဲ့ဒုက္ခနှင့် နှိုင်းစာ ကြည့်လိုက်လျှင် သည်ဒုက္ခကလေးကို ဝန်လေးတယ်လို့ မထင်ဘူးတဲ့ (ဒကာတို့ရဲ့)။

မှန်ပါ၊ သာမဏေကလေးက တရားတော်သံဝေဂ ပြည့်ဝတဲ့သူမို့ ကြည်လင်၍ အေးမြလို့ နေပါတယ်ဘုရား။

သည်လိုသံတံကျင် အလျှိုခံရတာ ဘာပြုလို့လဲ ပရိသတ်ကြီးရဲ့၊ ခန္ဓာငါးပါးရှိလို့ပါဘုရား။

မတော်မတရား အစွပ်စွဲခံရတာ ဘာပြုလို့လဲ၊ မှန်ပါ ခန္ဓာငါးပါးကြောင့်ပါဘုရား။

ခန္ဓာငါးပါးမရှိလျှင် ဒုက္ခတွေ့ရအုံးမလား၊ မတွေ့ရပါဘုရား။

ခန္ဓာဝန်ပြေးလျှင် ဒုက္ခ မအေးဘူးလား၊ ဒုက္ခအေးပါဘုရား။

အေး....ဒါကြောင့်။

ခန္ဓာငါးဖြာ၊ ရှိခဲ့ရာ၊ ကိလေသာ၊ လောင်မီးစာ၊
မှောင်ကြီးကတော့၊ အဝိဇ္ဇာပါ၊ ခန္ဓာသာမရှိရင်ဗျာ၊
ကိလေသာငြိမ်း၊ အေးကိန်းနိဗ္ဗူတာ။

ဥတ္တရသာမဏေကလေးမှာ ခန္ဓာကိုယ်မပျောက်လို့ ဒုက္ခရောက်ရတယ် မဟုတ်လား ဒကာတို့ရဲ၊ မှန်ပါ ဒုက္ခရောက်ရပါဘုရား။

အမိန့်ပေးတဲ့ ဝဿကာရ ပုဏ္ဏားကြီးကိုဘဲ အပြစ်ဆိုကြမလား၊ မဆိုပါဘုရား။

အာဏာသားတွေကိုဘဲ ဆိုကြမလား၊ မဆိုပါဘုရား။

သူခိုးဖမ်းတဲ့ သူတွေကို ဆိုကြမလား၊ မဆိုပါဘုရား။

ရွှေထုပ်ကြီးကို သပိတ်တွင်းမှာ ထားခဲ့တဲ့ သူခိုးကိုဘဲ အပြစ်ဆိုကြမလား၊ မဆိုပါဘုရား။

ကဲ ဒါဖြင့် ဘယ်သူ့ကို အပြစ်ဆိုကြမလဲ၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကိုသာ ဆိုပါဘုရား။

ကဲ ဒါဖြင့် (ပဉ္စခန္ဓသမူဟံ ဝဇ္ဇံဝဒါမိ) ခန္ဓာငါးပါး အပေါင်းကို အပြစ်လို့ ဆိုရမှာပေါ့၊ ဒကာတို့ရဲနော်။

ကဲ ပရိသတ်ကြီးတို့ရေ လိုက်ဆိုကြစမ်း၊ ဖုန်းဘုရားက ခန္ဓာငါးပါး အဆုံးထားလို့ ဟောကြားခဲ့မယ်။

ငါးဝ ခန္ဓာ မလွတ်ကင်းလို့ ဒုက္ခ လက်တွင်းမှာ
သက်ဆင်းခါသာ၊ လူနတ်များတို့ မမှားခံရတာ။
ခန္ဓာကိုယ် ဒုက္ခကို၊ ကိလေသာလို့ဆို ကိလေသာ
မလွတ်ကင်း ညွတ်တွင်းသံသရာ။ ကိလေသာ မလွတ်
ကင်း ခန္ဓာသူညွတ်တွင်း၊ ခန္ဓာကင်းမှ ဒုက္ခကွာ၊
ကိလေသနိရောဓာ နိဗ္ဗာန်လမ်း ကျင့်စမ်းယောဂီရာ။

ခန္ဓာပျောက်တော့ ဘယ်ကိုရောက်သလဲ ဒကာတို့ရဲ့။
ခန္ဓာပျောက်တော့ နိဗ္ဗာန်ရောက်ရပါဘုရား။
အေး....ဒါကြောင့်။
ဝဇိရေန ဟိ ခန္ဓေန၊ နိပါတိတာ ပဘိန္ဒနာ။
ဝိလပန္တာဝိဝဋ္ဋန္တိ၊ သတ္တာဝေ ခန္ဓဒေဟိနော။
လို့ ရစနာဂါထာ ခန္ဓာဘွဲ့ကို မြန်စွာဖွဲ့၍ ရွတ်ဆိုလိုက်ရ
တယ်။

ဟိ၊ နိုင်းယှဉ်ပြစရာ ဥပမာဖြင့် ခန္ဓာငါးတန် ညွှဉ်းဆဲဟန်
ကို ဉာဏ်အမြင် အမှုတပ်သဖြင့် ကြံဆင်ခြင် ရှုမှတ်လိုက်ပါဦး
အံ့။ ဝဇိရေန၊ ပစ်လွှတ်ဖောက်ခွဲ တချက်ထဲနှင့် အက်ကွဲတောင်
ကြီး သံမြည်ဟီး၍ အပြိုးမှုန့်ကျေ ပြုစေနိုင်းချိန် ဝရဇိန်နှင့်
တူထသော။ ခန္ဓေန၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာဟု လွန်စွာ
ထက်မြက် သူ့ဒဏ်ချက်ကြောင့်။ နိပါတိတာ၊ ပုန်းလို့လဲမလုံ
ရှိုးလို့လဲမလုံ ရှောင်လို့လဲမလုံ ခန္ဓာဟုန်ထန်ပြင်း ထိမှန်ခြင်း
ကြောင့် ခံခြင်းကြီးခံကြရကုန်သော။ ခန္ဓဒေဟိနော၊ ခန္ဓာ

ကိုယ်ကောင် ချိမာန် ထောင်ကြကုန်သော။ သတ္တာ၊ ကိုယ့်မှာလဲ ယောင်ချာချာ •သူ့မှာလဲ ညောင်နာနာ မှောင်အာသဝါ ခန္ဓာဝဋ်အတွင်းမှာဖြင့် မောင်သာသနာ မြန်စွာဇွတ်ဆင်းမှာထင့် မလွတ်ကင်း မောင်မယ်တွေ ယောင်ပေယောင်ပေနှင့် နှစ်မွန်းနေငြား သတ္တဝါအများတို့သည်။ ပဘိန္ဒနာ၊ သံသရာလမ်း ခရီးကြမ်းမှာဖြင့် နည်းလမ်းကိုလဲမနိုင် စည်းကမ်းကိုလဲ မပိုင် ဘဝဒီလှိုင်း ဖြစ်တိုင်းသာပြိုင်ကျေပျက်ပြုန်းတီး ပျက်စီးခြင်းကြောင့်။ ဝိလပန္တာ၊ ကယ်ပါယူပါ တစာစာနှင့် လူမမာအမိုက်မှာ မရှုသာမရှုက်သာ ညည်းတွားပါများ ဒုက္ခပွားလျက်။ ဝေါ၊ စင်စစ်မရှောင် သည်ဝဋ်ဘောင်မှ လွှတ်အောင်ပင် အပါဆွဲမဟဲ့လို့ အားခဲကြသော်လဲ မလွတ်ရိုးအမှန် ဧကန်သာလျှင်။ဝိဝဋ္ဋနိဗ္ဗာ၊ခွေးအိုကြီးကိုလောက်ကိုက်သလို (ဒကာတို့ရေ) တလိမ်လိမ်တလွင့်လွင့်နှင့်ကျွေးတာလည်း မစားနိုင် လူးလှိမ့်ခါ ဒုံရှုးစိတ်နှင့်ပမာပြိုင်ငိုခါ ရယ်ခါထိုင် ငိုရယ်သာလှိုင် တငိုင်ငိုင် အကျယ်ခဲ့ျ၍မှိုသြ-မဲ့ရှဲ့၍ နေကြလေကုန်တော့သတည်း။

သာဓု-သာဓု-သာဓု။

ဉတ္တရ သာမဏေကလေးက တရားတော်ဆင် သံဝေဝင်သတိရတာနှင့် သြော်- ကားစင်မှာ ၊သံတံကျင် အလျှိခံ၍နေရပေမဲ့ ငါ့မှာတော့ စိတ်ချမ်းသာကိုယ်ချမ်းသာ ဒုက္ခလဲမပါ ဉပဇ္ဈာယ်သခင် ကျေးဇူးရှင်ကြီးမှာတော့ တောကျောင်း

ဝိဟာ မြို့ဝနာမှာ ဝေဒနာသည်းထန် ဒုက္ခရုံလျက် ကျန်ရစ်ခဲ့ ရှာတယ်၊ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်နှင့် ဒန်ပူရေချမ်း ကမ်းလှမ်းမည့်သူ ဆွမ်းကပ်သူနှင့် ညစ်နွမ်းနေတဲ့ သင်္ကန်းများ ကို ဘယ်သူကလာပြီး ဖွတ်လျှော်လို့ ပေးပါမလဲလို့ အဲသည်လို စိုးရိမ်ပူဆွေးပြီး ဆရာ့အတွက် ငိုကြွေး၍နေရှာတယ်–ဒကာ တို့ရဲ့။ ။မှန်ပါ–သနားစရာကြီးပါဘုရား။

ဒါတွင်ဘာကအုံးမလဲ နတ်များကိုတိုင်တယ်ပြီး ဥပဇ္ဈာယ် သခင် ကျေးဇူးရှင်ကြီး အတွက်။ အတိဒုက္ခ၊ သံတံကျင်လျှို သည်ထက် ပိုမိုလွန်ကဲ ဒုက္ခစုံလျက်ဆင်းရဲကြီးဟူ၍။ မညာမိ၊ ကားစင်မှာ ပူပင်၍ သူထင်ကာ အောက်မေ့မိသောကြောင့် ဒေဝယာစနာ စသည်ဖြင့် ကျေးဇူးရှင်ကြီးအတွက် ဒုက္ခစက်မှ လွတ်မြောက်ရန် နတ်များကို တိုင်တယ်၍ တောင်းပန်ပါ သော်လဲ ရှေးဝိပါက်ကြွင်းက မလွတ်ကင်းသေးသဖြင့် နတ် များကလည်း မကယ်နိုင်၊ ဥပဇ္ဈာယ်သခင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးမှာလဲ ဒုက္ခနှင့်ရင်ဆိုင်၍ ဝေဒနာနှိပ်စက် လို့ စိတ်ပျက်သဖြင့် သာမဏေကလေး၏ ဖြစ်ပုံအကြောင်းကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် စိတ်ဝင် ရှုစားတော်မမူနိုင်ဘူးပေါ့ (ဒကာတို့ရဲ့)။ မှန်ပါ–ရောဂါဒဏ်က ပြင်းထန်တာကိုးဘုရား။

အဲသည်လို ဥတ္တရ သာမဏေကလေးမှာ ဒုက္ခတွေအဖုံဖုံ ဆင်းရဲနှင့် တွေ့ကြုံခိုက်မှာ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီး ဝေးနီးတင့်တယ် ဆန်းကြယ်စွာ ဆောက်လုပ်ခဲ့တဲ့

ဝေဠုဝန်ခေါ် မြတ်ကျောင်းတော်အတွင်း သီတင်းသုံးတော်မူရာ စေ၁မြတ်စွာက သတ္တဝါဗိုလ်ခြေ ကျတ်ထိုက်သည့်ဝေနေ ကို ရွှေညာဏ်တော် ကွန်ယက်ဖြင့် ဖြန့်ကျက်လို့ ကြည့်ရှုလိုက် ရာဥတ္တရသာမဏေကလေး၏ ဆင်းရဲမီးရှိန် တထိန်ထိန် လောင် တပြောင်ပြောင်ထွန်း ကျွမ်းနေတာကို ရွှေ ညာ ဏ် တေ ာ် ကွန်ယက်အတွင်းမှာ ထင်ထင်လင်းလင်းကြီး မြင်နေတော့ တာပေါ့။

ထိုအခါ ရှင်တော်မြတ်ဘုရားက ဒုက္ခဝဋ်တွင်းက မလွတ် ကင်းတဲ့ သည်သတ္တဝါကလေးဟာ ငါဘုရားကြွသွား၍ ကယ် တင်ခြင်းမပြုပါလျှင် တဘဝလုံးလုံး အစတုံးလို့ ဆုံးရှုံးရတော့ မယ်၊ သည်ဒုက္ခသယ်ကလေးကို ငါဘုရားကိုယ်တော်တိုင် ကြွ ရောက်၍ ချီးမြှောက်တော်မူပါလျှင် ကားစင်မှာပင် မဂ်ဖိုလ် တွင်မထစ်ရပ်ဘဲ ရဟန္တာအဖြစ်မြတ်ကို တရစ်ကပ်လိမ့်မည်ကို မြင်တော်မူလို့ ဖော်မပြုတကာယဖြင့် မဟာဂန္ဓ ကုဋီတိုက် အတွင်းမှ အပြင်းထွက်ကြွပြီး ခြောက်ဝသောရောင်ဆိုင်ကို မြိုင်မြိုင်ကြီး လွှတ်တော်မူလျက် ကာစင်အထက်တွင် ရှုစေချင် စိတ်ထားဖြင့် မားမားမတ်မတ်ကြီး တန့်ရပ်တည်နေတော်မူ တယ်။

ရောင်ခြည်တော်တွေကို မြင်ရတော့ သာမဏေကလေးရဲ့ စိတ်ထဲမှာဘွားကနဲဆို စိတ်အေးပြီး ဘိုးတော်ဘုရား ကြွတော် မူပါကလား (သုခိတာဟောထ ဒုက္ခာမုစ္စထ)လို့ ပွားများပြီး

လောကမှာ ဘုရားသာလျှင် ကိုးကွယ်ရာ တရားသာလျှင် ကိုးကွယ်ရာ သံဃာသာလျှင် ကိုးကွယ်ရာရှိတယ်လို့ စေတနာပေါက် ဝမ်းမြောက်တာနှင့် အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်အားလုံးကိုသာ ပွားများစူးစိုက် ဦးတိုက်လို့နေသတဲ့ (ဒကာတို့ရဲ့)။

မှန်ပါ–ခြေလက်က မလှုပ်မရှားနိုင်တော့ ဦးခေါင်းမော်ခါလက်စုံမိုးလို့ မဖူးနိုင်ဘဲကိုးဘုရာ့။

သာမဏေကလေးမှာ ဘုရားအာရုံ စိတ်မှာထုံလို့ ဒုက္ခအဖုံဖုံ ပျောက်ကင်းရ မဟုတ်လား–ဒကာတို့ရဲ့။

မှန်ပါ–ရတနာသုံးပါး ကိုးကွယ်ငြားက မုက္ခမလွဲ အေးမြဲပါဘုရား။

နို့ဒါဖြင့် ဒါယကာတို့ကော ရတနာသုံးပါး မြတ်တရားတို့ကို ပွားများကျင့်ကြံ မှန်မှန်အားထုတ်ကြရဲ့လား။

မှန်ပါ–အားထုတ်ကြပါဘုရား။

ရတနာသုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်များကို အမှန်ကျ သိမြင်ကြရဲ့လား။

သိမြင်ကြပါဘုရား။

အေးပါးစပ်ကတော့ သိတယ် မြင်တယ် ပွားများတယ်နှင့်တော်တော်ရှိတော့မှ (ငါ့ဟာ ငါသိ ဟာဟိ)လို့ လုပ်မနေကြနှင့်နော်။

အဲသည်လို ဂုဏ်တော်တွေကို ပွားများပြီး အားရဝမ်းသာနှင့် အာရုံပြုခိုက် သုံးလူ့ထွဋ်ထား မြတ်စွာဘုရားက သာမဏေကလေး၏ ဦးခေါင်းကို ရွှေလက်တော်ဖြင့် ယုယစွာ သုံးသပ်ပြီး ချီးအေးသံသာ ဒေသနာဖြင့်—

အို–ဥတ္တရ ငါ့မြေးတော် သင်ရဲ့ဖြစ်ပုံ အလုံးစုံကို တွေးတောပြီး ပူပန်ဇောကြွမနေနှင့် ဒီကိစ္စမှာ ငါ့မြေးတော်မပါဝင် သန့်စင်ရှင်းလင်း အကြောင်းရင်းကို ငါဘုရားသိတော်မူတယ်၊ ရှေးကဝဋ်ကြွေး မလွတ်သေး၍သာ သံတံကျင်အလျှိုခံရတယ်၊ ဒီကိစ္စကို ငါဘုရားပင် ကယ်တင်တော်မူမယ်လို့—

မာဘာယိ၊ ဒုက္ခဝေဒနာနှင့် သေရွာသို့ လိုက်ရမဲ့အရေးကို ကြံတွေးကြောက်လန့်၍ မနေပါနှင့် ငါ့မြေးတော်လို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဤကဲ့သို့တိုက်တွန်းစကားဟောကြားခါ ချမ်းသာလို့အေးတဲ့ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော့မယ် ဒကာတို့ရဲ့၊ သောက်သုံးရပါလိမ့်ဘုရား။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ထက်ကောင်းကင် ဝေဟင်လမ်းက ကြွမြန်းပြီး ရွှေလက်တော်နှင့် ဦးခေါင်းကိုသုံးသပ်ပြီး ဒေသနာတော်အမြိုက်ဆေး တိုက်ကျွေးလိုက်တဲ့အခါ သာမဏေကလေးမှာ ဆီထိဂူမ်းအနေ ပီတိပန်းတွေ လျှမ်းလျှမ်းဝေပွင့်ပြီး ရေတွေ့တဲ့ ပဒုမ္မာပန်းလို ရွှေစိတ်တော်

လမ်းဆန်းလို့မို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတရားတို့ကို နာခံပွားများပြီး ဝိပဿနာတင် ဉာဏ်ဆင်ခြင်လို့ ရှုမှတ်တဲ့အခါ ဩော်–ခန္ဓာကိုယ် မကောင်းသမျှမှာ လူမင်း နတ်မင်း ဗြဟ္မာမင်းအစ များလှသတ္တဝါတို့မှာ အဆုံးအစမမြင်တဲ့ မိုးကောင်းကင်ကြီးကဲ့သို့ ဒုက္ခသံသရာထဲမှာ ခန္ဓာဝန်မကောင်းတဲ့အတွက် တဏှာလက်တွင်းမှာ လည်စင်းပြီး နေကြရပါပေတယ်လို့ ပွားများဆင်ခြင်ကာ ဝိပဿနာအဟုန် စက်ကုန်နှိုးလိုက်တော့ မဂ်မျိုးတွေ အဆင့်အဆင့် တက်လမ်းတွေ အကုန်ပွင့်ပြီး အရဟတ္တဖိုလ်ဆိုတဲ့ ဉာဏ်လမ်းရောက်ခါ မဂ်သိဒ္ဓိပေါက်ပြီး အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံ၍ ကားစင်မှာပင် မဂ်ဖိုလ်ဝင်ဆိုပါလားဒကာတို့ရဲ့။ မှန်ပါ–အာဇာနည်ဇာတ် ပုဂ္ဂိုလ်မြတ်ကလေးကိုဘုရား။

ရှင်တော်မြတ်ဘုရား သုသာန်သို့ကြွကြောင်းကို ရာဇဂြိုဟ်ပြည်သူ ပြည်သား လူအများတို့မှာ ကောင်းကောင်းကြီးသိမြင်ကြသဖြင့် သူထက်ငါ လိုက်ပါသွားကြတဲ့ ပရိသတ်တွေဟာ မရေမတွက်နိုင်အောင် များပြားဆိုပါလား ဒကာတို့ရဲ့၊ သုသာန်သို့ရောက်တော့ ကားစင်ထက်မှာ သံတံကျင်လျှိုခံရတာကို မြင်ကြရတော့ မျက်ရေတွေက ပုလဲပမာ အသဲငယ်စရာ ပရိသတ်တွေဟာ တယောက်မျှမကျန် ငိုယိုကြကာ သနားကြင်နာ မေတ္တာပွားပြီး သာမဏေကလေး ဒုက္ခစက်ကွင်းက ခဏချက်ချင်း လွတ်ကင်းပါစေဆိုပြီး မေတ္တာ

ပို့ကြတဲ့ အသံတွေဟာ ဆူညံပြီး ရာဇဂြိုဟ်တမြို့လုံး သိမ့်သိမ့် တုန်လို့ သွားဆိုပဲလား ဒကာတို့ရဲ့။

သနားတာကိုးဘုရား။

မြတ်စွာဘုရား ကိုယ်တော်တိုင် ကောင်းကင်က ရပ်ပြီး တရားရေအေး အမြိုက်ဆေး တိုက်ကျွေးကယ်တင်တော်မူတဲ့ အတွက် သံတံကျင်လျှိုတဲ့ဝဋ်ဒုက္ခဘေးမှ လွတ်အေးလို့ သွားသတဲ့ (ဒကာတို့ရဲ့)။

ထိုအခါ သာမဏေကလေးက ရှင်တော်မြတ် ဘုရား၏ ဆုံးမသြဝါ ဒေသနာတော်ကြောင့် ရတဲ့အဘိညာဉ်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း ပရိသတ် အပေါင်းကို ပြတော် မူလိုသောကြောင့် မိမိတန်ခိုးဖြင့် သံတံကျင်တွေ ကို အလိုအလျောက် ကျွတ်စေ၍ သံတံကျင်ဒဏ်ရာတွေပါ ပျောက်ကင်းပြီး ကောင်းကင်ထက်သို့ ပျံတက်ခါ ရှင်တော် မြတ်ဘုရားကို ရိုသေစွာ ဦးခိုက်ပြီး၊ တန်ခိုးတော်အမျိုးမျိုး ပြကာ ဘုရားရှင်၏ ကျေးဇူးတော်အနန္တကို ပြောပြသည်က တော့-

သုခေါ တံ ဗုဒ္ဓတေဇေန၊ဗုဒ္ဓေါ နောဒုက္ခနာသကော။
သုခကာမာ သရေယျာထ၊ ဗုဒ္ဓတေဇံ အစိန္တိယံ။

လို့ ရစနာဂါထာဖြင့်၊ အို ပရိသတ်အပေါင်း သူတော် ကောင်းတို့ ခြေလက်မျှမလှုပ်ရအောင် သံတံကျင် ဒုက္ခနှင့်ကြုံရ တဲ့ ဥတ္တရအကျွန်ုပ်မှာ ဘုရားရှင်၏တန်ခိုးတေဇော်အာနုဘော်

တော်ကြောင့် ရင်ညွန့်က သွေးစီးပြီး ချောင်းကြီးမှာ ရေတွေ ကျသလို ဒုက္ခမကင်းတဲ့ ဆင်းရဲဇွင်းက ကျွတ်လွတ်အေးမြ ဘေးမခဘဲ ချမ်းသာရငြား ့သုခတရားသည် သုံးလူထွဋ်ထား မြတ်စွာဘုရား၏ သစ္စာလေးဆင့် ဆေးအသင့်ကို နောက်ဆုံး သောက်သုံးလို့မို့ သံတံကျင်ဒုက္ခဝဋ်က အမြန်ပင်ကျွတ်လွတ်ပြီး လာခဲ့ပါတယ်၊ ဒါကြောင့်မို့ သင်တို့မှာလဲ အို့နာ, သေ ရေး ဒုက္ခဘေးမှ လွတ်အေးလိုပါလျှင် နတ်, လူ, ဗြဟ္မာသတ္တဝါတို့ မကြုံအပ် မကြုံစည်နိုင်တဲ့ သုံးလူထွဋ်ထား မြတ်စွာဘုရား၏ ကြီးမားမြင့်မြတ်တဲ့ တန်ခိုးတေဇော် အာနုဘော်တို့ကို အခါ ခါပွားများပြီး ရုပ်တရားရဲ့အပေါ်မှာ နာမ်ဘုရင် ကြံဆင်၍ ထားတဲ့တရားကို အသိဓာတ်မှာ ဉာဏ်ယှဉ်၍ ရှုကြတော့ ကိုယ် ချင်းမစာ သနားညှာတာမှုကင်းပြီး ဒိဋ္ဌတွေမှာ ခံခြင်းကြီးခံ နေကြရတာကတော့ ကိုယ်ချင်းမစာ နာမ်ရာဇာ သူမင်းပြုလုပ် ထာမို့ အလူးအလှိမ့်ခံပြီး နေကြရတယ်မဟုတ်လား၊ ယနေ့က စပြီး သစ္စာလေးပါး ဗောဇ္ဈင်ခုနစ်ပါး သတိပဋ္ဌာန်လေးပါး မဂ္ဂင်ရှစ်ပါး မြတ်တရားတို့နှင့် ထပ်မနား တိုက်ခိုက်ကြစမ်းပါ လို့ သာမဏေကလေးက ဟောပြလိုက်တော့ ပရိသတ်တွေမှာ သဒ္ဓါပန်းခိုင်တွေ ဖြိုင်ဖြိုင်ကြီးပွင့်ခါ သာသနာကို မကြည်ညို တဲ့ မူဆလင်, ဟိန္ဒူ, စာဖူမျှားတောင် သရဏဂုံနှင့် သီလကို ညီမျှစွာ ဆောက်တည်ကြပြီး ဝတ်ကြောင်ကို ခွါရှောင်ပြီး သာသနာ့ဘောင်ကို ဝင်ကြတာဟာ တော်တော်ကြီးများ

ဆိုပါလား ဒကာတို့ရဲ့၊ ယခုလဲ ဒကာတွေဟာ ဘုန်းကြီးများ လုပ်ကြအုံးမလား မဆိုနိုင်ဘူး။

မှန်ပါ-စိတ်တော့ကူးပါတယ်၊ ဒါပေမဲ့ အိမ်ကဟာမက ခေါ်လို့ မလိုက်တာနဲ့ဘုရား၊ အခုတော့လဲ တပည့်တော်ကကို စိတ်မကူးဘူး၊ မခွဲနိုင်တာနှင့်။

အဲ သည်လို ဉတ္တရသာမဏေ ရဟန္တာကလေးရဲ့ သတင်း ဂုဏ် ထူးဆန်းပုံကို အလုံးစုံကြားကြရတော့ ကားစင်မှာ သံတ်ကျင်နှက်လို့ ရင်ဝက သွေးဆူပွက်ခါ မမြင်ဝံ့အောင် ပြင်းထန်စွာ ဒုက္ခတွေလျက် စိတ်မပျက် ကိုယ်မကျေ ဒုက္ခ ဝေဒနာကို သတိမထားဘဲ ဘာဝနာတရားများကို အဘယ် ကြောင့် ပွားများ အားထုတ်နိုင်ပါသလဲလို့ အနားကပ်ခါ ဝမ်းသာအားရနှင့် ရဟန်းတော်များက မေးမြန်းကြတယ် ဆိုပါလား ဒကာတို့ရဲ့။ မှန်ပါ- သာမဏေကလေးက (မည် သတင်း ကျော်သင်းတဲ့နာမာ)လို့ ဆိုဒါလို ဂုဏ်သတင်းတွေက ပျံ့သင်းလို့ ခဏချင်း ကျော်ကြားဒါကိုးဘုရား။

သည်တော့ သာမဏေကလေးက ဝေဟင်ယံ ကောင်းကင် လမ်းက ပျံသန်းခါ ဒေသနာအမြိုက်ဆေးဖြင့် ပရိသတ်တွေကို တိုက်ကျွေးပြီး ရှင်တော်မြတ်ဘုရား၏ခြေတော်အစုံ ကြာပဒုံကို ခိုလှုံကာဝပ်တွားပြီး သို့ကလို ရဟန်းတော်များအား လျှောက် ထားလိုက်တယ်။

အိုရဟန်းတော်အရှင်မြတ်ဘုရားတို့ ယခုတွေ့ကြုံရတဲ့ ဒုက္ခဟာ ဘာမျှမပြောပလောက်ပါဘူး၊ အနမတဂ္ဂသံသရာစက်မှာ သည်ခန္ဓာဝန် ဒုက္ခပေး၍ မငွေအားရဒါဟာ အမြင်သားမို့ သီလမြေပြင်မှာ ခြေတင်ကာဖြင့် ဝီရိယထက်မြက် သဒ္ဓါတရားကို လက်ကိုင်ထားခါ သတိသမ္ပဇဉ်ဉာဏ်ယှဉ်လို့ ဓမ္မက္ခန်စိန်စွယ်နှင့် ဖြတ်လိုက်တယ်ဆိုရင်ဘဲ ကိလေသာအညွန့်တုံးခါ ရဟန်းကိစ္စ ပြီးဆုံးသွားကြောင်းပါဘုရားလို့ ရဟန်းတော်များအား သို့ကလို လျှောက်ထားလိုက်တဲ့အခါ ရဟန်းတော်များက သာဓုနုမော် သုံးကြိမ်ခေါ်ပြီး မိမိတို့ကြငှန်း ကျောင်းသခ်မ်းသို့ ပြန်သွားကြခါ သာမဏေကလေးကို အားကျပြီး ကျင့်ကြံကာ ဘာဝနာပွားလို့ ရဟန္တာများ ဖြစ်သွားကြတာဟာ မရေမတွက်နိုင်အောင် များပြားဆိုပါလား၊ အားကျစရာကြီး မဟုတ်လား ဒကာတို့ရဲ့။

မှန်ပါ-အားကျစရာကြီးပါဘုရား။

ရှင်တော်မြတ်ဘုရားက ဥတ္တရ ရဟန္တာလေး၏ အတိတ်အကြောင်းကို ပြန်ပြောင်းလို့ ဟောတော်မူပုံက သည်လိုတဲ့။

ထို အာဇာနည်စစ် မြေးတော်ချစ်ကလေးဟာ ရှေးလွန်ခဲ့တဲ့ အတိတ်ဘဝက တခုသောရွာမှာ သူငယ်ကလေး ဖြစ်ခဲ့ဘူးတယ်။

ထိုအခါ သူငယ်ပေါင်း များစွာနှင့် ဇရပ်ကြီးတခုမှာ သူငယ်တို့ဘာဝ ထင်မိထင်ရာ ကစားကြသည်မှာ မိဘနှင့်ကွဲ

အလှူ ဆင်းရဲတဲ့ ကျေးသားငယ်ကလေးကို ဘမ်းယူပြီး တမာသား တံကျင်နှင့် အရှင်လတ်လတ် လျှိုခဲ့ဘူးတယ်၊ အဲ-ဤကဲ့သို့ ပြုလုပ်ခဲ့တဲ့ ရှေးအဆက်ကြောင့် ဝိပါက်လိုက်ပြီး ယခုဘဝမှာ သံတံကျင် အလျှိုခံရတယ်လို့ ဟောပြတယ်။ ရသဝါဟိနီကျမ်း အလယ်ပိုင်း ကျယ်နိုင်းတဲ့နေရာမှာ သရုပ်ပေါ်အောင် ထုတ်ဖော်လို့ ဟောလိုက်ပုံက သည်လိုတဲ့။

(က) အတီတေ ကိရ ကောသ္မိ၊ ဂါမေ တွမသိ ဒါရကော။
ဒါရကောဟိ သမာဂမ္မ၊ ကီဠန္တော ကေဠိမဏ္ဍလေ။

(ခ) ဂဟေတွာ သုခုမံ သူကံ၊ တဒါ တံ့ နိမ္မဆလ္လိယာ။
ဥတ္တာသေတိ တတ္ထ သူလေ၊ ဇီဝမာနက မက္ခိကံ။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက အို မြေးတော်ကလေး ဥတ္တရ- ထိုမှတပါး သင်ပြုခဲ့တဲ့ အကုသိုလ်ကံ တခုရှိသေးတယ်၊အသက်ရှင်ဆဲဖြစ်တဲ့ ယင်ကောင်ကိုလဲ တမာသား တံကျင်ဖြင့် လျှိုခဲ့ဘူးတယ်။

လွန်လေပြီးသော အတိတ်ဘဝက သင်၏မိခင်က ကောင်းစေလိုတဲ့ စေတနာနှင့် သင့်ကို မြည်တွန်ဆုံးမရာ မခံချင်တဲ့ သဘောဆိုးနှင့် မိခင်ဟာ ကြိမ်ဝါးလေ့ရှိတယ်လို့ အပေါက်ဆိုး နှုတ်ထွက်လို့ အသက်ရှင်စဉ် ကားစင်မှာ တက်နေပြီး ခင်များကြီး သေသွားလျှင် ကျွန်တော် နားချမ်းသာမှာဘဲ စသည်ဖြင့် ဝစီကံ စရိုက်နှုတ်မြွက်မှု အကုသိုလ်ကံ နှစ်မျိုး

ကြောင့် အန္တိမဘဝ အဆုံးတိုင်အောင် ဘဝငါးရာပတ်လုံး သံတံကျင်အလျှိုခံရခြင်း ဖြစ်တယ်လို့ ဟောပြတော်မူတယ်။

ဥတ္တရ၊ အိုဥတ္တရ ငါ့မြေးတော်။ အတီတော၊ လွန်ခဲ့လေပြီး အတိတ်ဖြစ်သော အခါတပါး၌။ ကောသမ္ဗိ ဂါမေ၊ တခုသော ရွာငယ်၌။ ဒါရကော၊ ငယ်စွာနုနယ် လူမမယ်ကလေးသည်။ အသိကိရ၊ ဖြစ်ဘူးသတတ်။ တဒါ၊ သူငယ်ဖြစ်ပြီး အခါ တပါး၌။ ဒါရကေဟိ၊ စုရုံးပျော်ပါး သူငယ်အများတို့နှင့်။ သမာဂမ္မ၊ ကိုယ်တူစိတ်အေး စုဝေးကြလျက်။ ကေဠိမဏ္ဍလေ၊ သူငယ်တွေပျော်ပါးတဲ့ သာလာယတွင် ဇရပ်ပြင်၌။ ကီဠန္တော၊ ပျော်ပါးမျိုးတူး ကစားကြူးခဲ့ဘူးသည်။ အသိ၊ ဖြစ်ဘူးလေ သတတ်။

တဒါ၊ ထိုသူငယ်ဖြစ်တုံး ပျော်မြူးစဉ်အခါ၌။ တုံ၊ သင်သည်။ သုခုမံ၊ သိုက်မြုံ့မိ့ကဲ့ လွန်ဆင်းရဲ၍ မြူးမိတဲ့ငါး ပိုက်မိသား နှင့် မခြားနမူ အလားတူသော။ သုကံ၊ အမွေးမတွယ် ကျေး သူငယ်ပေါက်စကလေးကို။ ဂဟေတွာ၊ အလေးတမူ အရေးယူ ခါ ဖမ်းတဲ့၍။ နိမ္ဗဆလ္လိယာ၊ တမာရိုးခေါ်တွင် သစ်တံကျင်နှင့်။ ဥတ္တာသေတိ၊ ကရုဏာ မလူးဘဲ လျှိုခဲ့ ဘူးလေသတည်း။ တတော၊ ထိုကျေးငယ်ကို တံကျင် လျှိုပြီးသည်မှ။ တုံ၊ သင် ကလေး သူငယ် လူမမယ်သည်။ တတ္တသူလေ၊ တမာသားတွင် ထိုသစ်တံကျင်၌။ ဇီဝမာနကမက္ခိကံ၊ အသက်ရှင်၍ မှင်ရောင်

အသွေး ယင်ကောင်ကလေးကိုလည်း။ ဥတ္တာသေတိ၊ တမာ သား တံကျင် ဉာဏ်ဆင်၍ သင်လျှိုခဲ့ဘူးလေသတည်း။

သာဓု-သာဓု-သာဓု။

အဲ သည့်လို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သာမဏေကလေး၏ အတိတ် အကြောင်းကို ထင်ရှားစွာ ဟောပြလိုက်တယ်၊ ကဲ ဒကာတို့ရေ အချိန်တန်လို့ အိမ်ပြန်ကြတော့မှာမို့ သတိပေးစကား ပြောကြားလိုက်ရဦးမယ်၊ အားလုံးသော ဒါယကာ ဒါယိကာမတို့မှာ ကလေးသူငယ် အသွယ်သွယ်နှင့်နေကြတာမို့ မိဘတို့ဝတ္တရား မပျက်ပြားရအောင် သွင်သင်ဆုံးမတို့ လိုသေးတယ်။ ဒါကြောင့် ဓမ္မပဒ ပါဠိတော်ကြီးမှာ ဥဇုံဂစ္ဆထတေမယံလို့ ဆိုတဲ့အတိုင်း ရှေ့ဆောင်ဖြောင့်မှ နောက်လိုက်ကဖြောင့်မယ်၊ ဒါကြောင့်ကလေးသူငယ်များကို သွန်သင်နှုန်းပြ ဆုံးမတို့က လိုသေးတယ်။

ချစ်သားနဲ့ ချစ်သမီးတို့ရာ သူ့အသက်ကို ညှာတာ
သနားလို့ ရှောင်ရှားပါကွဲ့ အမြဲသာ၊ မခိုးလေနှင့်
သူ့ဥစ္စာ၊ သူ့သားမယား မပြစ်မှားနှင့်၊ လိမ်လည်
လှည့်စား ရှောင်ကျင်ပါ၊ သေစာသောက်ခြင်း မပြု
လျှင်းနှင့် ကင်းကင်း ရှောင်လေပါ၊ အဲဒီတရား ကံ
ငါးပါး သားတို့ကျင့်စရာ။

(က) ဝိပါက်ရှေးရေး၊ မျှော်တွေးကြောက်ဖွယ်။
ဘုရားသော်လဲ ရှောင်လွဲမလွယ်။

မလွတ်သေးလို့၊ ဝဋ်ကျွေးကတွယ်။
တွေ့ကြုံမြဲ၊ ဝဋ်ထဲ တလယ်လယ်။

(ခ) ညှာတာထောက်ထား၊ သနားကြင်နာ၊
ကုသိုလ်တရား၊ပွားများခါခါ။
သူငယ်အများ၊ မမှားစေရာ၊
ရှေ့ဆောင်မှူး၊ အထူးသင်ပြရာ။

(ဂ) ဓမ္မာသနသို့၊ ခြေကြွလို့လာ၊
ဂန္ထကာရက၊ သဒ္ဓမ္မကေသရာ။
ဗုဒ္ဓမိန့်မြွက်၊ ဟောချက်ထွေရာ၊
ဦးဝရ၊ ဟောပြခြိမ့်ခြိမ့်ညာ။

အဲ အစက ဟောခဲ့တဲ့ အတိုင်း အရိယာရှင် သူတော်စင်တို့ လူမမာ ဓာတ်ပေးပုံက ဒီလိုတဲ့။

ရူပက္ခန္ဓာ ရောဂါဖြစ်လို့ ခေါ်လိုက်ပါတဲ့ ဆေးဆရာ။
ဝေဒနာ, သညာ, သင်္ခါရ နာမက္ခန္ဓာ ဉာဏ်ဝိဇ္ဇာ၊
သူဆရာ၊ လူမမာ၊ ရုပ်ကို နှယ်နှောက်ခါ၊ ရောဓာတ်
စာ၊ သစ္စာလေးဖြာ၊ အပြစ်အနာဝေးရာ၊ မေတ္တာ
ဆေးဟာ၊ ယောဂီ့ဟောဒီ သတိပဋ္ဌာန်ပါ၊ မှန်စွာ
သောက်သုံး နောက်ဆုံးရက်ဟာ (၇)ရက်၊ (၇) လ၊
(၇)နှစ်၊ (၇)ဘဝကြာ၊ ပျောက်ကင်း ချမ်းသာမှာ၊
မယုံရှာကြည့်၊ သတိပဋ္ဌာန်လာ။

အဲဒီတရားတော်တွေကတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ တရားတော်ဖြစ်လို့မို့ ပွားများကျင့်ကြံကြစမ်းပါလို့ တိုက်တွန်းဆိုက်ရပါတယ်၊ ကဲ အချိန်က ကောင်းသော်လဲ နာရီက နှောင်းလို့မို့ ရပ်တမ်းမှာရပ်ပြီး-

သီဃံ သိဇ္ဈန္တု သင်္ကပ္ပါ၊ဇယေန္တု သဗ္ဗမင်္ဂလာ။

ဘောန္တော၊ တရားအာရုံ နားမှာထုံ၍ ပွားကုန်ပါငြား အို ပရိသတ်အများတို့။ တုမှာကံ၊ ဘုရားမိန့်ဟန် ဒေသနာသံကို နာခံ ခဲ့ညောင်း သင် ပရိသတ်အပေါင်း သူတော်ကောင်းတို့အား။ သင်္ကပ္ပါ၊ လောကီအာရုံ ကာမဂုဏ်နှင့် နိဗ္ဗာန်ဘုံ ရောက်ကြောင်း တရားကောင်းကို စိတ်ပြောင်းမှန်ရည် အကြံအစည် ဟူသမျှတို့သည်။ သီဃံ၊ သံသရာဘေး မြန်စွာမနွေး ကျွတ်အေးအောင်။ သိဇ္ဈန္တု၊ ဝေဝေလွှင်လွှင် ဒေသနာအစဉ်ဖြင့် တွင်တွင်ချက်ချင်း လက်ငင်း အောင်နိုင်ကြပါစေသတည်း။ သဗ္ဗမင်္ဂလာ၊ ခပ်သိမ်းများစွာ မင်္ဂလာဟူသမျှတို့သည်။ ဇယံ၊ စိတ်ကကြံဆ မှန်သမျှနှင့် ဂုဏ်အဖုံဖုံ အာရုံတရား လိုရာများတို့ လျင်လျားဗီဇနာ ပြန်ခရာမျှ မကြာ လက်ငင်း အောင်မြင်ခြင်းသို့။ န္တု၊ ယာခုရွတ်ဟန် ဒေသနာသံကြောင့် တန်တန်ပြီးမြောက် ခရီးမထောက်ဘဲ ရောက်ကြပါစေကုန်သတည်း။ သာဓု-သာဓု-သာဓု။

ဇူဆ္ဆာသယ ၃၉၆-၄

**သံဝေဂကဗျာများ**

(က) တကျော့လောဘ၊ ဇော်ကြွခုံမင်၊
လူရော့, နတ်ရော၊ သောသောပူပင်။
တကျော့လိုက်စား၊ မိုက်မှားနေလျှင်၊
ဒုက္ခတွင်း၊ နစ်ဆင်းသူငါပင်။

(ခ) တကျော့မာန်ရစ်၊ ကျွန်ဖြစ်သူငါ၊
ရာဂလောင်မီး၊ မှောင်ကြီးပမာ။
တွန်းကန်ချချက်၊ လက်နက်အဝိဇ္ဇာ၊
အပါယ်တွင်း၊ဆောင်သွင်းမာန်တကျော့။

(ဂ) အဝိဇ္ဇာမြှောက်က၊မြှောက်ကြွတကျော့၊
ရာဂလက်တွင်း၊ သက်ဆင်းသူငါ။
မရှောင်မကွင်း၊ ဇွတ်ဆင်းနေရှာ၊
အပါယ်တွင်း၊ နစ်ဆင်းသံသရာ။

**ကျမ်းစာရေးသား၊ လှူသူအား၊ ဟောကြား တမူ ကုသိုလ်ဟူ**

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗဒါနံ၊ များလှသောင်းပြောင်း အလှူဒါနအပေါင်းကို။ ဓမ္မဒါနံ၊ ရေးသားပေးလှူ ဟောသူတိုက်တွန်း မမှားညွှန်းတဲ့ ဖြူဝန်းလှလှ ဓမ္မဒါနအလှူက။ ဇိနာတိ၊ ထိပ်တန်းဘောင်က စွမ်းဆောင် ဂုဏ်တင် အောင်မြင်လေ၏။

မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ဟောကြားတော်မူသည်မှာ တလုံးသော အက္ခရာကို ရေးသားခြင်း လှူဒါန်းခြင်း ဟောပြောခြင်း စသည်ကို ပြုလုပ်သော ပုဂ္ဂိုလ်တို့မှာ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် တိုင်အောင် ချမ်းသာအစဉ်ကို ခံစားရခြင်း၊ စကြဝတေး မင်းအဖြစ်ကို ရခြင်း၊ ကိုးသင်္ချေတိုင်အောင် ပဒေသရာဇ်မင်း ဖြစ်ခြင်း၊ ကိုးသင်္ချေတိုင်အောင် ပညာရှိပုဏ္ဏားဖြစ်ခြင်း၊ ကိုးသင်္ချေတိုင်အောင် သူကြွယ်အဖြစ်ကိုရခြင်း၊ ကိုးသင်္ချေတိုင်အောင် သူဌေး ဖြစ်ခြင်း၊ ကိုးသင်္ချေတိုင်အောင် အာကာသစိုး နတ်၊ စတုမဟာရာဇ် တာဝတိံသာ စသော နတ်ပြည် ခြောက်ထပ်တို့တွင် နတ်စည်းစိမ်ကို ခံစားရခြင်း၊ နတ်ပြည်မှ စုတေသောအခါ လူ့ပြည်၌ လူဖြစ်ရာတွင် ငါးပါးသီလနှင့် ပြည့်စုံ၍ ဘုရားအလောင်း ဖြစ်၏ဟု အကျဉ်းအားဖြင့် ဟောကြားတော်မူ၏။

## လှူဒါန်း၍အကျိုးပေးနိုင်သောလက္ခဏာ

၁။ အလှူခံပုဂ္ဂိုလ် အလှူဝတ္ထုနှစ်ပါး၏ သန့်ရှင်းစင်ကြယ်ခြင်း။

၂။ တရားနှင့်လျော်စွာ ရသောပစ္စည်းဖြစ်ခြင်း။

၃။ ပုဗ္ဗ၊ မုဉ္စ၊ ပရစေတနာ၊ မလှူခင်၊ လှူဆဲ၊ လှူပြီး၊ စေတနာ သုံးပါးလုံး၏ သန့်ရှင်းစင်ကြယ်ခြင်း။

၄။ ရဟန္တာ သို့မဟုတ် ကလျာဏ ပုထုဇဉ်ရဟန်း တရား
အားထုတ်ရာမှ ထသောအခါဖြစ်ခြင်း။

ဤ အင်္ဂါ လေးပါးတို့နှင့် ပြည့်စုံပါလျှင် မုက္ခပိုင်ပိုင် အကျိုးကို ရစေနိုင်၏။

ထိုကြောင့် အကျဉ်းမှတ်သားရန်ကား–

လှူရန်ပစ္စည်း၊ လှူနည်း သွယ်သွယ်၊
ဝတ္ထုကြောင်းရင်း၊ ကောင်းခြင်းစင်ကြယ်။
စေတနာသုံး၊ ကုန်လုံးညီတယ်၊
လှူခံမြတ်၊ လျောက်ပတ်လှန်တင့်တယ်။

၁၃၂၅–ခု၊ ဝါဆိုလပြည့်ကျော် (၁၄)ရက် သောကြာနေ့ နံနက် (၈)နာရီ (၁၀)မိနစ်တွင် ပြီးစီးအောင်မြင်သည်။

## အရှင်ဝရဗုဒ္ဓိ၏ တိုက်တွန်းချက်

သင်သည် ဘုရားအကြိုက်ကို ကိုယ်ရောစိတ်ပါလိုက်ပါ။

အများအကြိုက်ကို ကိုယ်လိုက်သော် မနေရာရှိလျက် နှုတ်မမြွက်နှင့်။

ကိုယ့်ကိုယ်ကိုယ် မာနတရား နှိမ်ချိုးပါ။

သတ္တဝါများနှင့် ကိုယ့်အောက်ငယ်သားများကို သနားကြင်နာ မေတ္တာထားပါ။

သူ့ကျေးဇူးတရားကို မပြစ်မှားပါနှင့်။

ရတနာသုံးပါး၏ ဂုဏ်တော်များကို အခါခါပွားများဆင်ခြင်ပါ။

သူတပါးအပြစ်ကို ရှုံ့ချကဲ့ရဲ့ခြင်းဖြင့် ရှက်ကြောက်ခြင်း ရှိပါ။

မိဘနှစ်ပါးကို ဘုရားကဲ့သို့ ရိုသေလေးစားပါ။

နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ကိုယ်တိုင်ရှာ၍ ကျင့်ကြံပါ။

သူ၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်၍ မြှင့်တင်ပါ။

ဣဒံမေ ဓမ္မဒါနံ အာသဝက္ခယံ ဝဟံ ဟောတု။

ဓမ္မမိတ်ဆွေအားလုံးတို့-ကျန်းမာချမ်းသာကြပါစေ။

## အာလုံးသောပညာရှင်များသို့(သီရိသဒ္ဓမ္မကေသရာ)၏ ပန်ကြားလွှာ

ရေးသားခဲ့သော စာများတွင် အမှားနှင့် အမှန်ဟာ ရှိကြမြဲဓမ္မတာမို့ ဘုရားရဟန္တာမှအပ မကင်းကြပါ၊ သို့အတွက် အမှားမြင်က အမှန်ပြင်၍ ပြင်ဆင်ဘတ်ရှုကြပါရန် မေတ္တာရပ်ခံပါသည်။ (သီရိသဒ္ဓမ္မကေသရာ)

## သီရိသဒ္ဓမ္မကေသရာ အသျှင်ဝံရဗုဒ္ဓိ၏ ထုတ်ဝေပြီး ကျမ်းစာများ

ပဌမကျမ်းစာ ရတနာသီရိကဗျာကျမ်း။

ဒုတိယ ကိုယ်ချင်းမစာ နာမ်ရာဇာ ခေါ် ဝိပဿနာ လမ်းကျင့်စဉ်ကျမ်း။

မကြာမီထုတ်ဝေမည့်(ကိုယ်ပျောက်ဝိဇ္ဇာ နာမ်ရာဇာ)ခေါ် နိဗ္ဗာန်ဝင်လမ်း အလင်းကျမ်း၏အာနိသင်။

မြင်းမိုရ်တောင်လောက်၊ ရုပ်ကိုဖျောက်၊ ကိုယ်ပျောက်ဝိဇ္ဇာ နာမ်ရာဇာ။

ခန္ဓာကင်းကွာ ရုပ်ပျောက်တာ၊ ကိုယ်ပျောက်ဝိဇ္ဇာ နာမ်ရာဇာ။

မာရ်နတ်ကိုယ်ပျောက်၊ ဘုရားရောက်၊ ကိုယ်ပျောက်ဝိဇ္ဇာ နာမ်ရာဇာ။

## စတုတ္ထကျမ်းစာ ဣစ္ဆာသယပဒေသာ၏အာနိသင်

ကီ–ကု နှစ်ဖြာ၊ စေ့စုံစွာ၊ ဣစ္ဆာသယ ပဒေသာ။

ဗေဒင်ဝိဇ္ဇာ၊ ဆေးဆရာ၊ ကြည့်ရှုသူမှာ အကျိုးပါ။

ဂါထာမန္တန်၊ တခဏ်းရုံ၊ စီမံပြုထားဒါ။

တရားသင်နည်း၊ ဆေးနွေးနည်း၊ အနည်းနည်းစုံတာ ဤကျမ်းမှာ။

ဤမျှနိဒါန်း၊ ရေးဖော်လှမ်း၊ ဆုံးခန်း နိဋ္ဌိတာ။

**သိရိသဒ္ဓမ္မကေသရာ၏တည်ရာ–**

ခေတ္တာ–ပုသိမ်မြို့ ဝဲချောင်းကျောင်း။ ပေါက်မြို့– လေသာကျောင်းနှင့် မန္တလေးမြို့– အနောက်ပြင် အလ္လကပ္ပတိုက် သာသနာ့ မလဝိသောခနီ သိမ်တိုက်ကျောင်း။

## သတ္တဋ္ဌာန-ဘုရားရှိခိုး

(၁) ဘုန်းရောင်ထွန်းထိန် စောမုနိန် ပညိန္ဒြေ ချွေရာမှန်ဘိ ဗောဓိ ကြငှန်း ရွှေညောင်နန်းဝယ် ထူးဆန်း အံ့လောက် မြေမှပေါက်သား ရောင်တောက်မာရ်နှင် ရွှေပလ္လင်ထက် သဗ္ဗညုတ ဉာဏ်ကိုရပြီး သတ္တာဟရက် ဘွဲ့ခွေလျက်ပင် ငြိမ်သက်တင့်တယ် သုံးစမွာယ်သည်- ဘုန်းကြွယ်လက်ဦး ပွဲ့ပေကို။

(၂) နှစ်ကြိမ်မြောက်ထ သတ္တာဟတွင် မာရပယ်လှန် ပလ္လင်ပုံမှ သေံတူရှု ရပ်တော်မူလျက် ကြည်ဖြူ ငြိမ်းချမ်း ပလ္လင်နန်းကို ဖြောင့်တန်းစက္ခု စိန်းစိန်းရှုလျက် သုံးလူ့ရှင်ပင် ပျော်စံရှင်သည်- ကြည်လင် ညွတ်နူးဘွယ်ပေကို။

(၃) သုံးကြိမ် မြောက်ထ သတ္တာဟတွင် ဗောဓိပင်မှ မြောက်ခွင်ဥတ္တရာ စင်္ကြံသာ၌ လူးလာတုံ့ခေါက် ကြွချီလျှောက်၍ ဘုန်းတောက်ဘုရား ပျော်စံစားသည်- တရားဆင်ခြင် လျက်ပေကို။

(၄) လေးကြိမ်မြောက်ထ သတ္တာဟတွင် ဗောဓိပင်နှင့် ပလ္လင်ထွန်းတောက်အနောက်မြောက်ဝယ်အံ့လောက် ဘွယ်ရာ ရတနာရိပ်ငြိမ် စံရွှေအိမ်၌ ကြိမ်ကြိမ် ဘန်ခါ ဘိဓမ္မာကို မဟာဉာဏ သာဂရဖြင့် ဗုဒ္ဓရှင်ပင် သုံးဆင်ခြင်သည်- ရောင်ရှင်ခြောက်ဖြာ ညီးလို့ကို။

(၅) ငါးကြိမ်မြောက်ထ သတ္တာဟတွင် ဗောဓိပင်မှ ရှေ့ခွင် ပြုဗ္ဗာ ရပ်ဒိသာဝယ် ကြီးဇွာမြင့်ခေါင် ဆိတ်ကျောင်း ညောင်၌ ဘုန်းခေါင်ပရမေ စမ့္ဘာယ် နေသည်-- ရှိသေမြတ်နိုးဘွယ်ပေကို။

(၆) ခြောက်ကြိမ်မြောက်ထ သတ္တာဟတွင် ပလ္လင်ရှေ့ ညောင် အရှေ့တောင်၌ မြရောင်လိုလို ရေညိုပြည့်လွှမ်း ကြာပန်းညွှတ်ရုံ ပန်းမျိုးစုံသည် မုစ္စလိန္ဒာ အိုင်သာ ပြန့်ကျင်း ကျည်းပင်ရင်းဝယ် သနင်းလူ့ဆွေ စမ့္ဘာယ် နေသော် မိုးသည်းလေထန်ပြင်း သွန်းချခြင်းကြောင့် မြွေမင်းရန်ဟန့် ပါးပျဉ်းဖြန့်လျက် ချီးအံ့တန်ခိုး ဆောင်းကာ မိုးသည်-- ရှေးကျိုး သမ္ဘာတော် ကြောင့်ကို။

(၇) ခါသတ္တမ သတ္တာဟတွင် ဗောဓိပင်မှ တောင် ပြင်လကျ်ာ မြေမျက်နှာဝယ် ရာဇာယတန မည်ရခေါ် တွင် လင်းလွှန်းပင်၌ သဗ္ဗညုဖျား ပျော်စံစားသည်- ကြီးမားဉာဏ်တော် ဖွင့်လှို့ကို။

ထိုခုနစ်ပါး အရပ်များကို ရှေ့သွားသဒ္ဒါ ကြည်ညိုစွာ လျှင် ဝန္ဒာမာန ဂါရဝဖြင့် ဦးချညွှတ်ကျိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ပြည့်စေသော်။

ယာယီမှတ်ပုံတင်အမှတ် (၀၄၇၅) ဦးသောင်း က
ပုံနှိပ်သည်။